ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်

ညောင်တုန်းမြို့နယ်

# မဲဇလီဒလကျေးရွာအုပ်စု၊ မဲဇလီအောက်စုကျေးရွာ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(၂၀၂၄-၂၀၂၅)

(ကျေးရွာ၏လက်ရှိအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညောင်တုန်းမြို့နယ်မှ ကူညီရေးဆွဲသည်)

၂၀၂၄၊ နိုဝင်ဘာ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃-၄ |
| | **မဲဇလီအောက်စုကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ညောင်တုန်းမြို့နယ်** | ၅ |
| | **မဲဇလီအောက်စုကျေးရွာ ရာသီခွင်ပြပြက္ခဒိန် ညောင်တုန်းမြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၇ |
| ၃။ | **ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ** | ၇ |
| ၄။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၇-၈ |
| ၅။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၈ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈-၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉-၁၀ |
| ၆။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၁၀ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀-၁၁ |
| ၇။ | **ပညာရေး** | ၁၁ |
| ၈။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၁-၁၂ |
| ၉။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၂-၁၃ |
| ၁၀။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၃ |
| ၁၁။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၄ |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်များ | |
| | နောက်ဆက်တွဲ(၅)အကောင်ထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ခြင်း | |
| | နောက်ဆက်တွဲ (၆) စီမံကိန်းအဆိုပြုလွှာ။ | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈-၂၀၂၉ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုများ ပူးပေါင်းပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေး ကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြ သော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံး လုပ်နည်း များကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံ သာမက နည်းပေး လမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ် ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက် အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာန ဆိုင်ရာများမှရယူရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင် ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

နိုဝင်ဘာလ၊ ၂၀၂၄ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မဲဇလီအောက်စုကျေးရွာ၊ညောင်တုန်းမြို့နယ်

မဲဇလီဒလကျေးရွာအုပ်စု၊ မဲဇလီအောက်စုကျေးရွာ သယံဇာတပြမြေပုံ



မဲဇလီဒလကျေးရွာအုပ်စု၊ မဲဇလီအောက်စုကျေးရွာ ရာသီခွင်ပြဇယား



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ညောင်တုန်းမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၅ မိနစ် မှ ၁၇ ဒီဂရီ ၅၅ မိနစ် နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် မှ ၉၅ ဒီဂရီ ၅၅ မိနစ် ကြားတွင်တည်ရှိပါသည်။ အကျယ် အဝန်း အားဖြင့် (၃၄၈.၂၃)စတုရန်းမိုင် (၂၂၂၈၆၆ ဧက)ကျယ်ဝန်းပါသည်။ အရှေ့မှ အနောက်သို့ (၂၂.၃)မိုင်၊ တောင်မှ မြောက်သို့(၂၃.၀)မိုင် ရှည်လျားပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် (၂၀)ပေ အထက်တွင် တည်ရှိပြီး မြစ်ဝကျွန်းပေါ်မြေပြန့် ဒေသဖြစ်ပါသည်။ ချောင်း၊ မြောင်း၊ အင်း၊ အိုင်များ ပေါများပြီး ရော ဝတီမြစ်၊ ပန်းလှိုင်မြစ်နှင့် ဘောလယ်မြစ်များတည်ရှိပါသည်။

ညောင်တုန်းမြို့နယ်သည် အရှေ့ဘက်တွင် ထန်းတပင်မြို့နယ်နှင့် တွံတေးမြို့နယ်၊ အနောက် ဘက်တွင် ပန်းတနော်မြို့နယ်နှင့် ဓနုဖြူမြို့နယ်၊ တောင်ဘက်တွင် တွံ့တေးမြို့နယ်နှင့်မအူပင်မြို့နယ်၊ မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ ထိစပ်လျက်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ညောင်တုန်းမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသော ဒေသဖြစ်ပါသည်။ ဧပြီလတွင် အမြင့်ဆုံးအပူချိန်မှာ ၄၀ ဒီဂရီ စင်တီဂရိတ်ဖြစ်ပြီး အနိမ့်ဆုံးအပူချိန် မှာ ၁၂ ဒီဂရီ စင်တီဂရိတ်ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှမိုးရွာသည့်ရက်မှာ (၁၀၈)ရက်ဖြစ်ပြီး ပျမ်းမျှ မိုးရေချိန်မှာ (၉၄.၉၈)လက်မ ဖြစ်ပါသည်။မိုးရွာသွန်းမှု အများဆုံးကာလမှာ ဇူလိုင်လနှင့် ဩဂုတ်လ များဖြစ်ပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ညောင်တုန်းမြို့နယ်၊ မဲဇလီဒလကျေးရွာအုပ်စု၊ မဲဇလီအောက်စုကျေးရွာတွင် အိမ်ထောင်စု (၄၇၀)စု၌ ကျား (၈၁၃)ဦး၊ မ(၈၉၁)ဦး၊ စုစုပေါင်း လူဦးရေ (၁၇၀၄)ဦးရှိပြီး (၁)အိမ်ထောင်လျှင် ပျမ်းမျှ လူဦးရေ (၃.၆)ဦးခန့် နေထိုင်လျက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်လူဦးရေမှာ ကျေးရွာရှိ လူဦးရေ၏ (၄၇%) ဖြစ်ပြီး လုပ်သားအင်အားရရှိမှုများပါသည်။ ၎င်းအလုပ်လုပ်နိုင်သောသူများကို အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု အတတ်ပညာများ ထောက်ပံ့ပေးခြင်း၊ တစ်နိုင်တစ်ပိုင် လုပ်ငန်း များ ထူထောင်ပေးနိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ ရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ်တွင် အမျိုးသားအလုပ်လုပ်နိုင်သောလူဦးရေနှင့် အမျိုးသမီးအလုပ်လုပ် နိုင်သော လူဦးရေမှာ အနည်းငယ်များနေပါသည်။ အသက် (၆၄) နှစ်နှင့်အထက် သက်ကြီးရွယ်အို လူဦးရေမှာ ကျေးရွာရှိ လူဦးရေ၏(၆%)ရှိပြီး ကျန်းမာရေးမှာအသင့်အတင့်ကောင်းမွန်ကြပါသည်။ မူလတန်းကျောင်းသားအရွယ်နှင့် (၅)နှစ်အောက် ကလေးငယ် လူဦးရေမှာ (၁၀%)သာရှိသောကြောင့် ကျောင်းနေအရွယ်ကလေးငယ်များ အသင့်အတင့်သာ ရှိပါသည်။ မူလတန်းနှင့် အလယ်တန်းအဆင့် ပြီးမြောက်သူ အများအပြားရှိကြပါသည်။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ညောင်တုန်းမြို့နယ်၊ မဲဇလီဒလကျေးရွာအုပ်စု၊ မဲဇလီအောက်စုကျေးရွာတွင် လူမှုရေးအသင်း အဖွဲ့များရှိပြီး သက်ဆိုင်ရာလုပ်ငန်းများအလိုက် တက်ကြွစွာဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အရပ် ဘက်လူမှုအဖွဲ့အစည်းများကြား ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့်လုပ်ငန်းများ ချိတ်ဆက် ဆောင်ရွက်မှုသည် အသင့်အတင့် ကောင်းမွန်သည်ဟုဆိုနိုင်ပါသည်။ ကျေးရွာအတွင်းရှိ ပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ ရပ်မိရပ်ဖများ၏ ဩဇာသက်ရောက်မှုများကြောင့်ကျေးရွာအကျိုး အဖွဲ့လိုက်ဆောင်ရွက် မှုများတွင် အောင်မြင်ထိရောက်မှု အသင့်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါသော်လည်း ကျေးရွာ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ပတ်သက်သောအသိအမြင်ဗဟုသုတများ အပိုင်း(ဥပမာ- အဖွဲ့ အစည်းများ

ဆိုင်ရာ သဘောတရားများ)တွင် လိုအပ်ချက်များ ရှိနေသေးလျက်ရှိပါသည်။ ကိုယ်ထူ ကိုယ်ထ ဆောင်ရွက်လိုစိတ်ရှိသော်လည်း ဆောင်ရွက်လိုသည့်လုပ်ငန်းများ၏ ကုန်ကျငွေများသည် ကျေးရွာ ထည့်ဝင်ငွေဖြင့်လုံလောက်မှုမရှိသောကြောင့် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ပူးပေါင်း ဆောင်ရွက် နိုင်သော ကျေးရွာဖြစ်ပါသည်။

## ၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ညောင်တုန်းမြို့နယ်၊ မဲဇလီဒလကျေးရွာအုပ်စု၊ မဲဇလီအောက်စု ကျေးရွာတွင် လယ်မြေ ပိုင်ဆိုင်မှုအသင့်အတင့်ရှိပါသည်။ ကျေးရွာ(၁)ရွာလုံးအနေဖြင့် လယ်မြေ ပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ ကျေးရွာရှိအိမ်ထောင်စု၏ (၁၅%)ရှိပါသည်။ ကျေးရွာတွင် လယ်မြေ ဧက (၅၀၀)ဧကရှိပြီး စပါးနှင့်ပဲကိုသာစိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေး သွင်းအား စုများ၊ နည်းပညာဝန်ဆောင်မှုများ အနည်းငယ်ရရှိပြီး၊ အဟန့်အတားအနေဖြင့် စိုက်ပျိုးမြေ တိုးချဲ့ရနိုင်ခြေနည်းပါးခြင်း၊ အလုပ်သမားစရိတ် ကြီးမြင့်ခြင်း၊ ဖျက်ပိုးများ ကျရောက် တတ်ခြင်း၊ ငွေကြေးအရင်းအနှီး လိုသလောက် မရရှိနိုင်ခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။ သီးနှံအထွက်နှုန်းများတွင် စပါး အထွက်နှုန်းမှာ အသင့်အတင့်ရှိပါသည်။ ရောင်းချချိန်တွင် ဈေးကွက်မတည်မငြိမ် ဖြစ်ပေါ်ခြင်းနှင့် အဆင့်ဆင့် သယ်ယူပို့ဆောင်ရခြင်းများကြောင့် အကျိုးအမြတ် ရရှိမှုမှာလည်း နည်းပါးပါသည်။ အခြေအနေ ကောင်းတစ် ရပ်အနေဖြင့် စိုက်ပျိုးသီးနှံ ထုတ်ကုန်များ ကိုရောင်းချရန် ဈေးကွက်အလုံအလောက်ရှိပါသည်။ သီးနှံ သယ်ယူ ပို့ဆောင်ရေးမှာလဲ အသင့်အတင့် ကောင်းမွန်ပြီး ဈေးကွက်အချိန်မီပို့ဆောင် နိုင်သော အခြေအနေရှိပါသည်။ ကျေးရွာသည်ပန်းလှိုင်မြစ်ဘေးတွင်တည်ရှိသောကြောင့် ရေလမ်း၊ ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးတွင် ကောင်းမွန်သည့်ကျေးရွာဖြစ်ပါသည်။ လယ်ယာမြေများမှ ထုတ်လုပ်ရရှိသော ထွက်ကုန်များဈေးကွက် အတွင်းသို့ အချိန်မီ သယ်ယူ ပို့ဆောင်နိုင်သော အခြေအနေဖြစ်ပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

**မဲဇလီအောက်စုကျေးရွာတွင် တိရိစ္ဆာန်မွေးမြူထားရှိမှုအခြေအနေ**

| စဉ် | ကျေးရွာ | နွား | မြင်း | ဝက် | ဆိတ် | ကြက် | ဘဲ | ကျွဲ |
|---|---|---|---|---|---|---|---|---|
| ၁ | မဲဇလီအောက်စု | ၁၅ | | | | ၅၇၀ | ၂၀၀ | - |

ညောင်တုန်းမြို့နယ်၊ မဲဇလီအောက်စုကျေးရွာတွင် ဒေသဘဲ၊ ဒေသကြက် မွေးမြူရေး လုပ်ငန်းကို တစ်နိုင်တစ်ပိုင်အိမ်တွင် မွေးမြူလျက်ရှိပြီး၊ စီးပွားဖြစ် ငါးကန် လုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိကြောင်းတွေ့ရပါသည်။ ကျေးရွာတွင် အိမ်ထောင်စုအားလုံး၏ တစ်ပိုင်တစ်နိုင်တိရိစ္ဆာန်မွေးမြူသည့် အိမ်ထောင် စုမှာ (၆၂%) ခန့်ရှိပြီး ဆိတ်၊နွားမွေးမြူရေး လုပ်ငန်းများအတွက် စားကျက်မြေသီးသန့်မရှိပါ။ စီးပွားဖြစ် မွေးမြူနိုင်သောအခြေအနေကောင်းများရှိသော်လည်း မွေးမြူရေး ဆိုင်ရာ အသိပညာနှင့် နည်းပညာဝန်ဆောင်မှုများ လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ် ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ညောင်တုန်းမြို့နယ်၊ မဲဇလီအောက်စုကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းအဖြစ် လုပ်ကိုင် ဆောင်ရွက်ခြင်းမရှိကြောင်းတွေ့ရပါသည်။ အခြားဝင်ငွေရ လုပ်ငန်းများအဖြစ် အစိုးရဝန်ထမ်းများ၊ အခြားဝင်ငွေရလုပ်ငန်းများတွင် နေ့စားအဖြစ် သွားရောက် လုပ်ကိုင် ရခြင်း၊ ဆန်စက်လုပ်ငန်း၊ ပန်းရံ၊ လက်သမား၊ ဆောက်လုပ်ရေး၊ ဆိုင်ကယ်ကယ်ရီ၊ စျေးဆိုင်၊ အပ်ချုပ်ဆိုင် လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြပါသည်။ အသက်မွေးဝမ်းကျောင်း အတတ်ပညာ တတ်မြောက်မှုနည်းပါးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင် ရန်အတွက် အခက်အခဲများ ရှိနေကြပါသည်။ ပြည်တွင်း ပြည်ပသွားရောက် လုပ်ကိုင် သူများလည်းရှိပါသည်။ ကျေးရွာနှင့်မြို့ လမ်းပန်းဆက်သွယ်ရေးသည် ကုန်လမ်းခရီးကို ကောင်းမွန်စွာ သုံးပြုရသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာသည် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး ရရှိသောကျေးရွာ ဖြစ်ပါသော်လည်း အိမ်ထောင်စာအားလုံးလျှပ်စစ်မီး သုံးစွဲနိုင်သောအခြေအနေမရှိကြောင်းတွေ့ရပါသည်။ လျှပ်စစ်သုံးစွဲနိုင်သောအိမ်ထောင်စု (၅၇%)ခန့်ရှိကြောင်းတွေ့ရပါသည်။ နယ်မြေလုံခြုံမှုရှိသောကြောင့် လွတ်လပ်စွာ သွားလာ ရောင်းဝယ်နိုင်ပြီး လမ်းပန်းဆက်သွယ်ရေးမှာ ရာသီမရွေး သွားလာနိုင်ပါသည်။ ဆိုင်ကယ် ကယ်ရီဆွဲသော လုပ်ငန်းသည် လောင်စာဆီစျေးနှုန်း မြင့်မားမှုကြောင့် အခက်အခဲ ရှိပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ညောင်တုန်းမြို့နယ်၊ မဲဇလီအောက်စုကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သည့် အိမ်ထောင်စုများသာ စိုက်ဘဏ်ချေးငွေများ ရရှိနိုင်ပါသည်။ အဖွဲ့လိုက်ငွေစု/ငွေချေး အစီအစဉ်ဖြင့် ငွေချေး စနစ်ရှိပြီး အတိုးနှုန်းမှာ (၁%)မှ(၂%) ဖြင့်ချေးယူနိုင်ကြသည်။ ကျေးရွာတွင် တစ်လလျှင် အတိုးနှုန်း(၁၀%) အထက်ဖြင့်ချေးယူကြရခြင်းများ လည်းရှိကြပါသည်။ ကျေးရွာတွင်တစ်လလျှင်ချေးငွေလိုအပ်မှု အနေအထားမှာ ယေဘုယျအားဖြင့် အသင့်အတင့် မြင့်မားသည့် အနေအထားတွင် ရှိနေဆဲဖြစ်ပြီး ဘဏ်များအနေဖြင့်လည်း ကျေးရွာအရောက် ဝန်ဆောင်ပေးမှုများမှာလည်း မရှိသလောက် အားနည်းနေဆဲဖြစ်သလို ကျေးရွာနေ ပြည်သူအများစုမှာ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရရှိနေပါသော်လည်း လိုအပ်ချက်များရှိနေဆဲ ဖြစ်ပါသည်။ အသေးစားချေးငွေ လုပ်ငန်းများမှလည်း ချေးငွေ ထုတ်ယူနိုင်ပါသည်။ ကုန်ဈေးနှုန်း မြင့်မားလာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံမှုများ နေဆဲပင်ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင်လည်း သွင်းအားစုပိုမိုသုံးစွဲလာသည်နှင့်အမျှ ငွေကြေးလိုအပ်မှု မြင့်မားနေဆဲပင်ဖြစ်ပါသည်။ စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများ အတွက်အခွင့်အလမ်းကောင်းများ ရှိသော်လည်းကုန်ကျစရိတ်မြင့်မားမှုများ ဖြစ်ပေါ်နေပါသည်။ ညောင်တုန်းမြို့ပေါ်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ KBZ ဘဏ်၊ CB ဘဏ်၊ ကမ္ဘာ့ရတနာဘဏ်များတွင် အများပြည်သူရုံးဖွင့်ရက်တိုင်း သွားရောက်၍ ငွေလွှဲခြင်း ငွေထုတ်ခြင်းများ ဆောင်ရွက်နိုင်ပါသည်။

## ၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ညောင်တုန်းမြို့နယ်၊ မဲဇလီဒလကျေးရွာအုပ်စု၊ မဲဇလီအောက်စုကျေးရွာတွင် လယ်ယာထွက်ကုန်များအား ကျေးရွာနှင့် (၁) မိုင်ခန့်ဝေးသော မဲဇလီကျေးရွာ ဈေးကွက် နှင့် (၁၄)မိုင်ခန့်ကွာဝေးသော ညောင်တုန်းမြို့အနီးရှိ ဆန်စက်များသို့ ပေးပို့ ရောင်းချနိုင်သောဈေးကွက် အလုံအလောက်ရှိပါသည်။ ကုန်စိမ်းနှင့် သားငါးများ ဝယ်ယူနိုင်ရန်အတွက် မလက်တိုကျေးရွာတွင်းရှိဈေးတွင် အလွယ်တကူဝယ်ယူနိုင်ပြီး ညောင်တုန်းမြို့နှင့် ရန်ကုန်မြို့များတွင် အခြားသော လူသုံးကုန် ပစ္စည်းများအား သယ်ယူပို့ဆောင်ရေးယာဉ်များဖြစ်သည့် ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ကားများဖြင့် သော်

လည်းကောင်း သယ်ယူပို့ဆောင်လျက်ရှိပါသည်။ ကျေးရွာတွင် အသုံးပြုမှုအများဆုံး သယ်ယူပို့ ဆောင်ရေးယာဉ်များမှာ စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီနှင့် ကားများကို အသုံးပြုကြပါသည်။ ကျေးရွာသည် ရန်ကုန်-ညောင်တုန်းကားလမ်း အနီးတွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး အခြေအနေမှာ ရေလမ်းနှင့်ကုန်းလမ်းကို အဓိကထား အသုံး ပြုရသောကျေးရွာဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးအခက်အခဲ ကြောင့် ကျေးရွာ၏ အဓိကထုတ်ကုန် ဖြစ်သော စပါး၊ ပဲ ထုတ်ကုန်များ၊ အခြားသော ကုန်ပစ္စည်းများကို ဈေးကွက်သို့ အချိန်မီ သယ်ယူပို့ဆောင်ရေးအတွက် အခက်အခဲ ဖြစ်ပေါ်စေနိုင်ပါသည်။

## (ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး

ညောင်တုန်းမြို့နယ်၊ မဲဇလီဒလကျေးရွာအုပ်စု၊ မဲဇလီအောက်စုကျေးရွာတွင် မဟာ ဓါတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိသောအိမ်ထောင်စုများသည် ဆိုလာမီးလင်းရေး စနစ် ကိုအိမ်ထောင်စုအများဆုံး အသုံးပြုကြပါသည်။ ဘက်ထရီမီးချောင်းများဖြင့် လျှပ်စစ်မီး ရရှိရန်အတွက် အသုံးပြုကြပါသည်။ ငွေကြေးအဆင်ပြေသော အိမ်ထောင် စုများသည် ဒီဇယ်၊ ဓါတ်ဆီစက်များ အသုံးပြုကြပြီး ဆင်းရဲသောအိမ်ထောင်စုများသည် ဘက္ထရီမီး ချောင်းကိုသာ အသုံးပြုကြပါသည်။ လျှပ်စစ်မီးရရှိခြင်းသည် လူနေမှုအဆင့်အတန်း မြင့်မားလာနိုင်သော အခြေအနေဖြစ်ပြီး တစ်နိုင်တစ်ပိုင် လျှပ်စစ်မီးအသုံးပြုလုပ်ငန်းများ ဆောင်ရွက် လာနိုင်ပါသည်။

## (ဂ) ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦ

ညောင်တုန်းမြို့နယ်၊ မဲဇလီဒလကျေးရွာအုပ်စု၊ မဲဇလီအောက်စုကျေးရွာတွင် ဆက်သွယ် ရေး၊ သတင်းအချက်လက် နည်းပညာနှင့် ပတ်သက်၍ အိမ်ထောင်စုတိုင်း တယ်လီဖုန်း၊ Radio, TV, စလောင်းများ အများအပြား အသုံးပြုလျက်ရှိပါသည်။ ကျေးရွာအနီး ပတ်ဝန်းကျင်တွင် သက်ဆိုင်ရာ ဆက်သွယ်ရေးတာဝါတိုင်များ တည်ရှိသဖြင့် ကျေးရွာ သူ/သားများမှာ ကြိုးမဲ့ ဆက်သွယ် ရေး ဆင်းကဒ်များ ဖြစ်သော MPT, Ooredoo, Telenor, Mytel (၄)မျိုးစလုံး အသုံးပြုနိုင်ပြီး စီးပွားရေးအနေဖြင့် ဈေးကွက်များနှင့် သတင်းအချက် အလက်များအား အချိန်နှင့်တပြေးညီ ရယူနိုင်သည့်အပြင် ဆက်သွယ်ရေး ဆိုင်ရာ ဗဟုသုတများနှင့် နည်းပညာဆိုင်ရာ အချက်အလက်များ ကိုလည်း လျင်မြန် လွယ်ကူစွာ

ရရှိနိုင်ပါသည်။ Wifi အင်တာနက်လိုင်းများ ဆောင်ရွက် ပေးနိုင်ပါက ကျေးရွာရှိ လူငယ်များသည် အသိပညာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဈေးနှုန်းသက်သာ စွာဖြင့် အင်တာနက်ဖြင့် လေ့လာ သင်ယူနိုင်မည်ဖြစ်ပါသည်။

## ၇။ ပညာရေး

ညောင်တုန်းမြို့နယ်၊ မဲဇလီဒလကျေးရွာအုပ်စု၊ မဲဇလီအောက်စုကျေးရွာတွင် မူလတန်းကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိပြီး၊ သွပ်မိုး၊ အုတ်နံရံကာများဖြင့် တည်ဆောက် ထားသော ကျောင်းဆောင်များမှာ အရည်အသွေးကောင်းမွန်ပါသည်။ ပတ်ဝန်းကျင်ကျေးရွာ အများစုမှ ကျောင်းနေအရွယ်ကလေးအများစုမှာ ကျေးရွာရှိမူလတန်း စာသင်ကျောင်းသို့ ပညာရေး ဝန်ဆောင်မှုများကို လက်လှမ်းမီ ရယူကြရပါသည်။ ကျောင်းအာဟာရ တိုက်ကျွေးမှု အစီအစဉ်မှာလည်း ကျောင်းကော်မတီများမှအလျဉ်းသင့်သလိုဆောင်ရွက်ပေးပါသည်။ ကျောင်းသုံးပရိဘောဂများ လုံလောက်မှုရှိပြီး ကျောင်းအိမ်သာအခြေအနေသည် ကောင်းမွန်သောကြောင့် ကျောင်းသား/သူများအတွက် ကောင်းမွန်စွာကျောင်းပညာ သင်ယူနိုင်ပါသည်။ ဆရာတပည့်အချိုး လုံလောက်မှုရှိသောကြောင့် ပညာရေးဝန်ထမ်းအင်အား လုံလောက် မှုရှိပါသည်။ မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် ဆောင်ရွက်ထားမရှိကြောင်း တွေ့ရပါသည်။ ပညာရေးဝန်ထမ်းအင်အားနည်းခြင်းကြောင့် ကျေးရွာအစီအစဉ်ဖြင့် ကျေးရွာနေဝန်ထမ်းတစ်ဦးခေါ်ယူရပါသည်။ ကျေးရွာတွင် အတန်းပညာ ပြီးမြောက် မှုများတွင် ဘွဲ့ရလူငယ် နည်းသော်လည်း အလုပ်လုပ်နိုင်သည့်အရွယ်များ သောကြောင့် လုပ်ငန်းခွင်ဝင်နိုင် သည့်လူသားအရင်းအမြစ်တစ်ရပ်ပင် ဖြစ်ပါသည်။ လူငယ်များမှာ အလုပ်အကိုင်ရှားပါးမှုနှင့် အသက်မွေးဝမ်းကျောင်းနည်းပညာ အားနည်းခြင်းများကြောင့် သင်တန်းများပို့ချပေးပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် လိုအပ်သောရင်းနှီးငွေ/ ချေးငွေများ ပံ့ပိုးပေးပြီးနောက် လုပ်ငန်းများဖွင့်လှစ် ဆောင်ရွက်ပါက ဝင်ငွေအသင့်အတင့် ရလာနိုင် မည်ဖြစ်ပါသည်။

## ၈။ ကျန်းမာရေး

### (က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ

ညောင်တုန်းမြို့နယ်၊ မဲဇလီရွာဟောင်းကျေးရွာအုပ်စု၊ မဲဇလီရွာဟောင်းကျေးရွာတွင်

ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသော်လည်း ကျန်းမာရေး မကောင်းလျှင်ဖြစ်စေ၊ အရေးပေါ် လူနာများရှိခဲ့လျှင်ဖြစ်စေ နီးစပ်ရာ ကျေးရွာတစ်ဖက်ကမ်းရှိ ကျေးလက်ကျန်းမာရေးဌာန သော်လည်း ကောင်း၊ အရေးကြီးလူနာနှင့် ရောဂါကြီးများအား မြို့နယ်ဆေးရုံ (သို့မဟုတ်) ရန်ကုန် မြို့ရှိပုဂ္ဂလိကဆေးရုံနှင့် အစိုးရဆေးရုံများသို့ သွားရောက် ကုသကြရပါသည်။ ကျေးလက်နေပြည်သူများအကြား သာမန်အဖျားရောဂါနှင့် တုပ်ကွေး ရောဂါများသည် ရာသီအလိုက် ဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ ဖြစ်ပွားရသော အကြောင်းအရင်း များကို ဖော်ထုတ်ဖယ်ရှားပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းတို့အား စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသင့်ပါသည်။ကျန်းမာရေးဦးစီးဌာနမှလည်း သတ်မှတ်အရွယ် ရောက်သူတိုင်းအား သတ်မှတ်ကာလများတွင် ကျေးရွာအထိ လိုအပ်သည့် ကာကွယ် ဆေးများအားလာရောက် ထိုးနှံပေးလျက်ရှိပါသည်။

**(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး**

ညောင်တုန်းမြို့နယ်၊ မဲဇလီဒလကျေးရွာအုပ်စု၊ မဲဇလီအောက်စုကျေးရွာတွင် အိမ်ထောင်စု အားလုံးသည် သောက်ရေ/ သုံးရေ အတွက် တစ်နှစ်ပတ်လုံး မြေသားရေကန် (၂)ကန်နှင့် အဝီစိတွင်းရေကိုသာသုံးစွဲကြရပါသည်။ ချောင်း၊ မိုး၊ ဆောင်း ရေလုံလောက်မှု ရှိသော်လည်း ရေအရည်အသွေး ဓာတ်ခွဲစစ်ဆေးထားမှု မရှိသောရေကိုသာ သောက်သုံးကြရ ပါသည်။ ရေအရည်အသွေး စစ်ဆေးနိုင်ပါက သန့်ရှင်းသောသောက်သုံးရေရရှိသည်အထိ ဆောင်ရွက် လျှင် ကျန်းမာရေးအတွက် အဆင်ပြေမည် ဖြစ်ပါသည်။ ပတ်ဝန်းကျင် သန့်ရှင်းရေးပိုင်းတွင် ကျေးလက်ဒေသ၏ ယင်လုံ အိမ်သာ သုံးစွဲမှုမှာ (၁၀၀%) ရှိသဖြင့် ကျေးရွာသူ/သားများ အနေဖြင့် ကျန်းမာရေးဆိုင်ရာ အသင့်အတင့်ရှိ၍ တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ ကျန်းမာ ရေး အသိပညာရှိမှုမှာလည်း အသင့် အတင့်ရှိပါသည်။

## ၉။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း

**(က) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း**

ညောင်တုန်းမြို့နယ်၊ မဲဇလီဒလကျေးရွာအုပ်စု၊ မဲဇလီအောက်ကျေးရွာတွင် မြေဆီ လွှာအနေအထားမှာ လယ်မြေအမျိုးအစား ဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင် လည်း ပလပ်စတစ်အိတ်ခွံ၊ ဘူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် အန္တရာယ်ရှိမှုမှာ မြင့်မားပါသည်။ အမှိုက်များအားစနစ်တကျ စွန့်ပစ်ရန်မြေနေရာမရှိသဖြင့် အဆင်ပြေသလို

စွန့်ပစ်ကြသောကြောင့်သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာမှုအတွက် အခက်အခဲရှိပါသည်။ သဘာဝပတ်ဝန်းကျင် ဆိုင်ရာအသိပညာ ပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။ ငါးမျိုး ကွဲများ၊ ရှားပါး တိရိစ္ဆာန်များမရှိပါ။ တိရိစ္ဆာန်များနှင့် သဘာဝသယံဇာတများသည် ယခင်မူလအတိုင်း တည်ရှိနေဆဲ ဖြစ်ပါသည်။

**(ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း**

ညောင်တုန်းမြို့နယ်၊ မဲဇလီဒလကျေးရွာအုပ်စု၊ မဲဇလီအောက်စုမြန်မာနိုင်ငံ၏ မြစ်ဝကျွန်းပေါ်ဒေသတွင် ကျရောက်သော ကျေးရွာဖြစ်သည့်အလျှောက် မိုးရွာသွန်းမှုများခြင်းဖြစ်ပေါ်ပြီး မိုးရေ ကြီးမှုဖြစ်သော်လည်း ပျက်ဆီးဆုံးရှုံးမှုမရှိပါ။ လူထုအခြေပြုသဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်များ ဆောင်ရွက်နိုင်မှု မရှိသေးပါ။ ကျေးရွာသည် တရားဥပဒေ စိုးမိုးမှုရှိပြီး တည်ငြိမ်အေးချမ်းမှု ရှိသောကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုမှာ အဆင်ပြေ ချောမွေ့လျက်ရှိပါသည်။ မှုခင်းများ ကာကွယ်တားဆီးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အခါအားလျော်စွာ မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲများအား အခါသင့်သလို ဟောပြောပြုလုပ်ပေးပါက တရား ဥပဒေစိုးမိုးရေး အတွက် ပိုမိုထိရောက်စေပါသည်။ မှုခင်း ဖြစ်ပွားရှိခဲ့လျှင် အချိန်မီတိုင်ကြား ဖြေရှင်းနိုင်ရန် အတွက် ကျေးရွာတစ်ဖက်ကမ်းရှိ ရဲစခန်းတွင် တိုင်ကြားဖြေရှင်းနိုင် ပါသည်။

## **၁၀။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**

ညောင်တုန်းမြို့နယ်၊ မဲဇလီဒလကျေးရွာအုပ်စု၊ မဲဇလီအောက်စုကျေးရွာအတွင်းရှိ မိဘများသည် သားသမီးများကို ပညာ သင်ကြားမှု အပိုင်းတွင် ကျားဖြစ်ခြင်း မဖြစ်ခြင်းအပေါ် ခွဲခြားသတ်မှတ်ခြင်းမရှိဘဲ တန်းတူပညာသင်ကြားခွင့်ရှိကြပါသည်။ မိသားစုစားဝတ်နေရေး အခြေအနေအလိုက်သာ ပညာသင်ကြား ခွင့်ကို သက်ရောက်မှု ရှိစေနိုင်သည်။ နေ့စားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများတွင် ကျားမ တန်းတူအခွင့်အရေး ရရှိပါသော်လည်း နေ့စားလုပ်အားခသတ်မှတ်ရာတွင် အမျိုးသမီးများမှာ အမျိုးသားများထက် လုပ်အားခရရှိမှု ပိုနည်းသည်ကို တွေ့ရှိရပါသည်။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်း အကြမ်းဖက်မှုနှင့် ကျားမခွဲခြားဆက်ဆံမှုတို့မှာ အများအားဖြင့် နည်းပါးသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းနှင့် ကျေးရွာသာရေးနာရေး ကိစ္စရပ်များတွင် အမျိုးသမီးများ တက်တက်ကြွကြွပါဝင် လုပ်ဆောင်ကြ သော်လည်း အိမ်မှုကိစ္စများကို ဦးစားပေး ဆောင်ရွက်မှုများကြသဖြင့် ကျေးရွာ အုပ်ချုပ်ရေးအပိုင်းတွင်မူ အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု သင်တန်းတက်ရောက်ရန် အမျိုးသား၊ အမျိုးသမီးတို့အကြားတန်းတူအခွင့်အရေးပေးပြီး ဖိတ်ကြားခဲ့ကြပါသည်။ ကျေးလက်နေလူထု၏

အလုပ်လုပ်နိုင်သော အင်အားထက်ပတ်ဝန်းကျင်မှာ အမျိုးသမီးများ ဖြစ်ကြပြီး၊ ထိုအမျိုးသမီး ထု၏ စွမ်းပကားကို လေ့ကျင့်တိုးမြှင့်ပေးခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍအတွက် အထောက် အပံ့ဖြစ်စေပါမည်။ ကျားမဆိုင်ရာတန်းတူညီမျှမှု ကိစ္စရပ်များ အတွက် မိသားစုနှင့် ကျေးရွာ လူထုအတွင်း အသိပညာပေးခြင်းများ တိုးမြှင့်ဆောင်ရွက် ပေးသင့်ပါသည်။ ထိုမှသာ ကျားမ တန်းတူညီမျှမှုနှင့် ကျေးရွာဖွံ့ဖြိုးရေးတို့အတွက် အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

**၁၁။ ဦးစားပေးစီမံချက် လုပ်ငန်းများဇယား နောက်ဆက်တွဲများ**

နောက်ဆက်တွဲ ၁။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

နောက်ဆက်တွဲ ၂။ ဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ ၃။ ဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား

နောက်ဆက်တွဲ ၄။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးအဆင့်သတ်မှတ်ခြင်း

နောက်ဆက်တွဲ ၅။ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလသတ်မှတ်ခြင်း။

နောက်ဆက်တွဲ ၆။ စီမံချက်အဆိုပြုလွှာ။

**မဲဇလီဒလရွာအုပ်စု၊ မဲဇလီအောက်စုကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီစာရင်း**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | ပညာ<br>အရည်အချင်း | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁။ | ဦးဇော်မိုးအောင် | ဦးမြမောင် | ၁၄/ညတန(နိုင်)၁၀၅၆၀၃ | ၅၄ | အလယ်တန်း | ဥက္ကဋ္ဌ | |
| ၂။ | ဦးဇော်နိုင်ဌေး | ဦးအောင် | ၁၄/ညတန(နိုင်)၂၂၃၉၆၂ | ၄၂ | အထက်တန်း | ဘဏ္ဍာရေးမှူး | |
| ၃။ | ဦးသန့်ဇော် | ဦးဒူးဒူး | ၁၄/ညတန(နိုင်)၀၃၆၈၅၉ | ၅၆ | အလယ်တန်း | အဖွဲ့ဝင် | |
| ၄။ | ဦးညီမိုး | ဦးကြည်မြင့် | ၁၄/ညတန(နိုင်)၀၀၀၁၇၈ | ၅၁ | အထက်တန်း | အတွင်းရေးမှူး | |
| ၅။ | ဒေါ်ဥမ္မာသန်း | ဦးမြင့်သိန်း | ၁၄/ညတန(နိုင်) | ၄၃ | အလယ်တန်း | အဖွဲ့ဝင် | |
| ၆။ | ဒေါ်သန်းသန်းစိုး | ဦးမျိုးမြင့် | ၁၄/ညတန(နိုင်) | ၅၅ | မူလတန်း | အဖွဲ့ဝင် | |
| ၇။ | ဒေါ်ဇင်မာစိုး | ဦးစိုးလေး | ၁၄/ညတန(နိုင်)၁၃၂၃၃၀ | ၄၁ | အလယ်တန်း | စာရင်းကိုင် | |
| | | | | | | | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁)  ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က)  လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃၀ | ၃၇ | ၆၇ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၅၂ | ၆၀ | ၁၁၂ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၉၄ | ၁၀၄ | ၁၉၈ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၈၈ | ၂၁၄ | ၄၀၂ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၉၅ | ၄၁၇ | ၈၁၂ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၅၄ | ၅၉ | ၁၁၃ | | |
| **စုစုပေါင်း** | | **၈၁၃** | **၈၉၁** | **၁၇၀၄** | | |
| **စုစုပေါင်း အိမ်ထောင်စု** | | **၄၇၀** | | | | |
| | | | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်**။ ။မဲဇလီရွာဟောင်းကျေးရွာရှိ အိမ်ထောင်စု(၄၇၀)စု ရှိ၍လူဦးရေများအနက်မှ အလုပ်လုပ်နိုင်သည့် လူဦးရေ(၈၁၂)ဦးရှိ၍ အသက်(၁၄)နှစ်အောက်(၇၇၉)ဦးရှိပြီး သက်ကြီးရွယ်အို(၁၁၃)ဦးရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများသောကြောင့် ကျေးရွာတွင်လိုအပ်သော ကိစ္စအဝဝကို ပူးပေါင်း ဆောင်ရွက်မှု အားကောင်းသည်ကို တွေ့ရှိရပါသည်။

**(ခ)  အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| ၁ | ကိုယ်ပိုင် လုပ်ငန်း | ၇၃ | ၂၀၀ | ၂ | ၉၈ | ၁၀၂ | | မြင့် ☐လတ်☑ ၁၀နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| ၂ | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| ၃ | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄ | | ၄ | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **သစ်တောလုပ်ငန်း** | | | | | | | |
| ၄ | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| ၅ | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| ၆ | ကိုယ်ပိုင် လုပ်ငန်း | | | | | | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| ၈ | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၃ | | ၃ | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| ၉ | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၃ | | ၃ | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| ၁၀ | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၃ | | ၃ | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| ၁၁ | ကိုယ်ပိုင်လုပ်ငန်း | ၅၀ | ၁၀၀ | | ၅၀ | ၅၀ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| ၁၂ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| ၁၃ | ကိုယ်ပိုင်လုပ်ငန်း | | | | | | ၂ | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အစိက အလုပ်အကိုင် | | | | | အစိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | | ၂ | | | မြင့် ☐ လတ်☐<br>နိမ့် ☑ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၁၀ | | ၂ | ၈ | | မြင့်☐လတ်☐<br>နိမ့် ☑ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | ၁ | | | မြင့် ☐ လတ်☐<br>နိမ့် ☑ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၃၂၁ | ၆၆၀ | ၅ | ၃၃၂ | ၃၂၈ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | **စုစုပေါင်း** | ၄၇၀ | ၉၃၂ | ၇ | ၄၉၅ | **၃၃၇** | | ☒ |

**မှတ်ချက်။** ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"အရေအတွက်တွင်"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)" ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ဥပမာ -"စိုက်ပျိုးရေး" ကဏ္ဍ၏ "ကိုယ်ပိုင်လုပ်ငန်း"တွင်ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။မဲဇလီအောက်စုကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းပြုကြပြီး အခြားဝင်ငွေရလုပ်ငန်းများဖြစ်ကြသည့် ကျပန်း/သယ်ယူပို့ဆောင်ရေး လုပ်ငန်းကို အလုပ်လုပ်ကိုင်ကြသည့် အိမ်ထောင်စုများလည်းရှိပါသည်။ ထုတ်ကုန်လုပ်ငန်းအနေဖြင့် ငှက်ပျောကြော်လုပ်ငန်း၊ ကြက်ကြော် လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၅၀၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် | နေ့စား | | | | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | - | - | | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ မဲဇလီအောက်စုကျေးရွာတွင် စိုက်ပျိုးရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများကိုအဓိကထား လုပ်ကိုင်ကြပြီး တစ်နေ့လုပ်အားခအနေဖြင့် အလုပ်သမား လုပ်အားခများအနေဖြင့် အမျိုးသား/သမီး အနည်းငယ်ကွာဟမှုရှိပါသည်။ လယ်ယာ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းများတွင် အလုပ်လုပ်ရသည့်အခြေအနေပေါ် မူတည်၍ တစ်နေ့ဝင်ငွေကွာခြားမှုရှိပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| လယ်မြေ | ၅၀၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၅၀၀ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်ကသီးသန့် လျာထား

သတ်မှတ်သည့် မြေများကိုဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။မဲဇလီအောက်စုကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ငန်းလုပ်ကိုင်သူများ ဆုံးရှိပါသည်။ လယ်မြေများသည် မြေဩဇာအရည်အသွေး အသင့်အတင့်ကောင်းမွန်ကြောင်းတွေ့ရပါသည်။ မိုးရာသီတွင်စပါးစိုက်ပျိုးပြီးချိန်တွင် မတ်ပဲကို စိုက်ပျိုးကြပါသည်။ သီးနှံများကို စိုက်ပျိုးနိုင်ခြင်းရှိသောကြောင့် လယ်ယာမြေကိုကောင်းမွန်စွာ အသုံးချနိုင်ခြင်းရှိကြောင်း တွေ့ရပြီး အခြားရာသီ သီးနှံများကိုလည်းစိုက်ပျိုးကြပါသည်။

**(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **ကျောက်၊သဲ၊ကျောက်စရစ် စသည်များ** | များ ☐ သင့်☑ နည်း ☐မရှိ ☐ | လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☐ နည်း ☑မရှိ ☐ | လွယ်☐ ခက်☑အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ☑ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ☑မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ☑ |
| **ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| **ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သစ်တော - အပူပိုင်းသစ်တော** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သစ်တော - ဒီရေတောများ** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ☑ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။မဲဇလီအောက်စုကျေးရွာ၏ အနီးနားပတ်ဝန်းကျင်တွင် သဲ၊ ကျောက်စရစ်များကို သဘာဝအတိုင်း တွေ့ရှိရပါသည်။ မြေပေါ်ရေနှင့်မြေအောက်ရေ၏အရင်းအမြစ်များသည်ကျေးရွာ အနေဖြင့် အသုံးချနိုင်မှုရှိပါသည်။ အင်းအိုင်ချောင်းမြောင်းများကို ကျေးရွာအနီးတွင် သဘာဝ အတိုင်းတွေ့နိုင်ပါသည်။

(ဃ)    ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ် ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၅၃ | ၁၂၅ | ၂၄၅ | ၆၇ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။    ။ **မဲဇလီအောက်စု**ကျေးရွာတွင် ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု နည်းပါးပြီး အလယ်အလတ်ရှိသောအိမ်အိမ်ထောင်စုများနှင့် မပြေလည်သောအိမ်ထောင်စုများမှာအများဆုံးရှိပြီး အလွန်မပြေလည်သော အိမ်ထောင်စု အနည်းငယ်သာရှိသောကြောင့် စီးပွားရေးအသင့်အတင့်ရှိသောကျေးရွာ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

(င)   ထိခိုက်လွယ်မှု

(င-၁)  ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီ အလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်း စာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၃လနှင့်၆လကြားဝမ်း စာဖူလုံမှု | ၄၄ | | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၄၄<br>လုပ်အားခကြိုယူ = ၀ |
| ၆လမှ၁၂လအထိဝမ်း စာဖူလုံမှု | ၅၃ | | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီ အလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| | | | ချေးယူ = ၅၃<br>လုပ်အားခကြိုယူ = ၀ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။မဲဇလီအောက်စုကျေးရွာတွင် ဝမ်းစာဖူလုံမှုစစ်တမ်းအရ ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင် အနည်းဆုံး နှစ်နပ် စားနိုင်သည့်အိမ်ထောင်စုများသည် သုံးလနှင့်ခြောက်လကြားဝမ်းစာဖူလုံမှုရှိပြီး စားဝတ်နေရေးအဆင်ပြေရန် အတွက် ချေးယူခြင်း နည်းဖြင့် ဖြေရှင်းနေရကြောင်းတွေ့ရှိရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၆၄နှစ်နှင့်အထက် | ၅ | ၆ | ၁၁ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ မဲဇလီအောက်စုကျေးရွာတွင် ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၁၅)စုရှိကြောင်း တွေ့ရပါသည်။ ကူညီစောင့်ရှောက်မှု အနည်းငယ်လိုအပ်သောအိမ်ထောင်စုများလည်းဖြစ်ပါသည်။ အခြားဒေသသို့ အချိန်ကြာမြင့်စွာ သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုမရှိကြောင်းတွေ့ရပါသည်။

**(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | ✓ | | ✓ | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✓ | | | ✓ | | |
| ၃ | မုန်တိုင်းဒီရေ | | | | | | |
| ၄ | ဆူနာမီ | | | | | | |

**လေ့လာတွေ့ရှိချက်။** ။မဲဇလီအောက်စုကျေးရွာနေပြည်သူများသည် ငွေကြေးနှင့်ပတ်သက်၍ အစိုးရဘဏ်၊ သမဝါယမအဖွဲ့ အစည်းများနှင့်ချိတ်ဆက်၍ ရရှိနိုင်သဖြင့် ငွေကြေးလက်လှမ်းမီမှုရှိသော ကျေးရွာဖြစ်ပါသည်။ မိတ်ဆွေနှင့် ဆွေမျိုးများတွင် လည်း ရင်းနှီးမှုအရချေးယူနိုင်ကြောင်း တွေ့ရပါသည်။ ပုဂ္ဂလိကအသေးစားချေးငွေ အနည်းငယ်ရရှိသော ကျေးရွာလည်း ဖြစ်ပါသည်။ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများဆောင်ရွက်ပေးနိုင်ပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားထုတ်ကုန် လုပ်ငန်းများအား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**(စ) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များစီမံခန့်ခွဲမှု**

**(စ-၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များစီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ**

**ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ**

| အခြေအနေ | အခက်အခဲ | အန္တရာယ်ရှိမှု<br>(အခက်အခဲ"ရှိ" ဟုဖြေဆိုထားပါကဖြေဆိုရန်။ "မရှိ" ဟုဖြေဆိုထားပါကဖြေရန်မလို။)) |
|---|---|---|
| မြေဆီသြဇာအခြေအနေ | ရှိ☐မရှိ☑ | မြင့်☐လတ်☐နိမ့်☑ |
| အပင်မျိုးစိတ်များ | ရှိ☑မရှိ☐ | မြင့်☐လတ်☑နိမ့်☐ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | ရှိ☑မရှိ☐ | မြင့်☐လတ်☑နိမ့်☐ |
| ရေအရင်းအမြစ် | ရှိ☐မရှိ☑ | မြင့်☐လတ်☐နိမ့်☑ |
| ငါးမျိုးကွဲများ | ရှိ☐မရှိ☑ | မြင့်☐လတ်☐နိမ့်☑ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | ရှိ☐မရှိ☑ | မြင့်☐လတ်☐နိမ့်☑ |
| စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု | ရှိ☐မရှိ☑ | မြင့်☐လတ်☐နိမ့်☑ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။မဲဇလီအောက်စုကျေးရွာ၌ ကဏ္ဍအသီးသီးတွင် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် အန္တရာယ်များ ကြုံတွေ့ ဖွယ်မရှိသော်လည်း သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုတွင် အားနည်းနေသေးသဖြင့် စွန့်ပစ်အမှိုက်နှင့် ပတ်သက်၍ အန္တရာယ်ကြုံတွေ့ဖွယ်ရှိနေပါသည်။ မြေဆီသြဇာများပြုပြင်ထိန်းသိမ်းမှုအားနည်းခြင်းကြောင့် မြေဆီလွှာ အခြေ အနေအတွက် အခက်အခဲအနည်းငယ်ရှိကြောင်းတွေ့ရပါသည်။ ဖျက်ပိုးနှင့်ရောဂါ ကာကွယ်ထိန်းချုပ်မှုအတွက် စိုက်ပျိုး သီးနှံများတွင် နည်းစနစ်မှန်ကန်စွာအသုံးပြုနိုင်ခြင်းမရှိသောကြောင့် လိုအပ်သည်ထက် ပိုမို အသုံးပြုရသဖြင့် ကုန်ကျစရိတ်ပိုမို များပြားနေကြောင်းလည်းတွေ့ရပါသည်။

**(ဆ) ပညာရေး**

**(ဆ-၁) ပညာရေးနှင့်စာတတ်မြောက်မှု**

**ဇယား (၃၀) မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း**

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း |
|---|---|---|---|
| စာမတတ်သူဦးရေ | | | |
| မူလတန်းအဆင့်ရှိသူဦးရေ | ၅၄၇ | ၅၆၀ | ၁၁၀၇ |
| အလယ်တန်းအဆင့်ရှိသူဦးရေ | ၅၁ | ၆၇ | ၁၁၈ |
| အထက်တန်းအဆင့်ရှိသူဦးရေ | ၃၄ | ၅၃ | ၈၇ |
| တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူဦးရေ | ၅ | ၁၀ | ၁၅ |

**ရင်းမြစ် … အိမ်ထောင်စုစာရင်းကောက်ယူမှု။**

**မှတ်ချက်။** ။ ဤဇယားကိုဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊</u> **<u>ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော</u>**<u>အတန်းပညာတက်ရောက်ပြီး/တက်ရောက်ဆဲသူများကိုသာဖြည့်သွင်းရန်ဖြစ်ပါသည်။</u>**ဖော်ပြပါ အချက်နှင့်ကိုက်ညီချင်းမရှိခဲ့သော် ဇယားတွင်ဖြည့်သွင်းခြင်းမရှိဘဲ လေ့လာတွေ့ရှိချက်တွင်သာ မှတ်ချက်အနေဖြင့် ဖော်ပြရန် ဖြစ်ပါသည်။ အတန်းပညာပြီးမြောက်မှုဆိုသည်မှာ တစ်ဦးတစ်ယောက်၏ ဘဝတွင်သင်ယူလေ့လာခဲ့သော နောက်ဆုံး ပညာရေး အဆင့်/ အခြေအနေကိုဆိုလိုပါသည်။ဥပမာ - <u>ယခုစာရင်းကောက်ယူချိန်တွင်</u>အဋ္ဌမတန်း** (Grade 8)**တွင်ပညာသင်ကြားနေ ပါက"အလယ်တန်းအဆင့်ရှိသူဦးရေ"တွင်လည်းကောင်းတတိယတန်း**(Grade 3) **တွင် ပညာသင်ကြားနေပါက** (**သို့မဟုတ်**) **ရေးတတ်ဖတ်တတ်အဆင့်သာ (ဥပမာ-ဘုန်းကြီးကျောင်းထွက်)ရှိသည်ဆိုပါက "မူလတန်းအဆင့်ရှိသူဦးရေ"တွင်သာထည့်သွင်း ရပါမည်။"ဘုန်းကြီးကျောင်းသင်ပညာရေး (ဘက-ကျောင်း)"ကို ဆည်းပူးခဲ့၊ ဆည်းပူးဆဲဖြစ်ပါက သက်ဆိုင်ရာ အတန်းပညာ အဆင့်အလိုက်** ထည့်သွင်းရပါမည်။ စတုတ္ထတန်း(Grade4) **အောင်မြင်ပြီးအလယ်တန်းပညာဆက်လက် သင်ကြားခြင်း မရှိပါက"မူလတန်းအဆင့်ရှိသူဦးရေ"တွင်သာထည့်သွင်းရပါမည်။အခြေခံပညာမူလတန်းပညာကိုသင်ယူပြီးဆုံးသင့်သည့်အရွယ် ကိုကျော်လွန်ပြီးဖြစ်သော်လည်းစာလုံးဝမတတ်ပါက"စာမတတ်သူဦးရေ"တွင်သာဖြည့်သွင်းရန်ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။** ။မဲဇလီအောက်စုကျေးရွာတွင် မူလတန်းကျောင်းရှိသောကြောင့် မူလတန်းပညားရေးအတွက် အခက်အခဲမရှိကြောင်း တွေ့ရပါသည်။ ကျေးရွာတွင် မူလတန်းအဆင့်ရှိသူ (၁၁၀၇)ဦး၊ အလယ်တန်းအဆင့်ရှိသူ (၁၁၈)ဦး၊ အထက်တန်းအဆင့်ရှိသူ(၈၇)ဦး၊ တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူ (၁၅)ဦးရှိသည်ကို တွေ့ရသည်ဖြင့်ကျေးရွာသည် ပညာရေး အားပေး အလေးထားသောရွာလေးဖြစ်ပါသည်။

**(ဆ-၂) ကျောင်းတက်နှုန်း**

**(ဆ-၂) ကျောင်းတက်နှုန်း**

**ဇယား (၃၁) ကျောင်းတက်နှုန်း**

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၉၄ | ၁၀၄ | ၁၉၈ |
| အလယ်တန်း | ၁၀ | ၂၅ | ၃၅ |

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| အထက်တန်း | ၃ | ၉ | ၁၂ |
| တက္ကသိုလ်/ကောလိပ် | ၁ | ၈ | ၉ |

**ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ ဤဇယားကိုဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသောစာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။**၄င်းအပြင်“ဘုန်းကြီးကျောင်းသင်ပညာရေး”ကိုသင်ယူဆည်းပူးနေသောကျောင်းသူ/သားများကိုအခြေခံပညာဦးစီးဌာနမှသတ်မှတ်ထားသောပညာရေးစနစ်/အဆင့်သတ်မှတ်ချက်များနှင့်အညီသတ်မှတ်ဖြည့်သွင်းရန်ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။** ။မဲဇလီအောက်စုကျေးရွာတွင် အိမ်ထောင်စုများပြားသော်လည်း ကျောင်းနေအရွယ် ကလေးများ အားလုံး ကျောင်းပညာသင်ယူနိုင်ကြပါသည်။ ကျေးရွာရှိကလေးသူငယ်များအနေဖြင့် ရာနှုန်းပြည့်ပြည့်မီစွာ ပညာသင်ကြားနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အထက်တန်းကျောင်းပညာသင်ယူရန်နှင့်တက္ကသိုလ်/ ကောလိပ် အဆင့် တက်ရောက်ရန် အခက်အခဲ ရှိကြောင်းတွေ့ရပါသည်။

**(ဆ-၃) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ**

**ဇယား (၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ**

| အကြောင်းအရာ | ကျောင်းအဆင့် | | |
|---|---|---|---|
| **က**။ကျောင်းအဆင့် | မူလတန်း☑မူလွန်☐အလယ်တန်း(ခွဲ) ☐အလယ်တန်း☐<br>အထက်တန်း(ခွဲ) ☐အထက်တန်း☐ | | |
| **ခ**။ရွာမှအကွာအဝေး (မိုင်) | ဝမှ၁မိုင်☑ ၁မိုင်မှ၃မိုင်☐ ၁၅မိုင်မှ၂ဝမိုင်☐<br>၂ဝမိုင်အထက်☐ | | |
| **ဂ**။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင်☑စက်ဘီး☑<br>ဆိုင်ကယ်☑ကား☐ | | |
| **ဃ**။စာသင်ကျောင်း၏စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၆၈ဝဝ စတုရန်းပေ | | |
| **င**။အမိုး၊နံရံ၊အခင်းအရည်အသွေး | ကောင်း☐သင့်☑ညံ့☐ | | |
| **စ**။ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ☑ | | |
| **ဆ**။ကျောင်းအိမ်သာအခြေအနေ | ကောင်း☐သင့်☑<br>ညံ့☐မရှိ☐ | | |
| **ဈ**။ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☑<br>တိုက်ကျွေးမှုမရှိပါ☐ | | |
| **ဇ**။ကျောင်းဆရာ/မဦးရေ | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | | ၇ | ၇ |
| ကျေးရွာခန့် | - | - | - |

**ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။။ကျေးရွာတွင်စာသင်ကျောင်းမရှိပါက (က၊ခ၊ဂ) ကိုသာဖြေဆိုရပါမည်။စာသင်ကျောင်း၏စုစုပေါင်းကြမ်းခင်းဧရိယာ** (စတုရန်းပေ = အလျား × အနံ) **သည်စာသင်ကျောင်းတစ်ကျောင်းအတွင်းရှိကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်း ဧရိယာ ကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။မဲဇလီအောက်စုကျေးရွာတွင် ဆရာနှင့်ကျောင်းသား အချိုးမျှတမှုရှိပါသည်။ ကျောင်းဆရာ/မများ အနေဖြင့် အစိုးရခန့် ဝန်ထမ်း(၇)ဦးရှိပါသည်။ ကျေးရွာအစီအစဉ်ဖြင့် ဝန်ထမ်းတစ်ဦးခန့်ထားပါသည်။ ကျောင်းပရိဘောဂနှင့် စာသင်ဆောင်များပြည့်စုံလုံလောက်မှု မရှိသောကြောင့် ကျောင်းသား/သူများအတွက် အခက်များဖြင့် ပညာသင်ကြားရပါသည်။ အထက်တန်းပညာသင်ယူရန်အတွက် မြစ်တစ်ဖက်ကမ်းကူး၍ ကျေးရွာအထက်တန်းကျောင်းသို့ သွားရောက်သင်ယူရပါသည်။ တက္ကသိုလ်အဆင့်ပညာ သင်ယူရန်အတွက် (၃၀)မိုင်ကျော်ကွာဝေးသော မအူပင်တက္ကသိုလ်သို့တက်ရောက်ရကြောင်း တွေ့ရှိရပါသည်။

**(ဆ-၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ**

**ဇယား (၃၃) ပညာရေးအခက်အခဲနှင့်ပြဿနာများ**

| **အခက်အခဲ/ ပြဿနာ** | **ရှင်းလင်းချက်** |
|---|---|
| ကျောင်းဆရာ/မရရှိနိုင်မှု | လုံလောက်☐မလုံလောက်☑ |
| တပည့် - ဆရာအချိုး | ၄၀: ၁အောက်☐ ၄၀: ၁အထက်☑ |
| မူလတန်းပညာကျောင်းထွက်နှုန်း | မရှိ☐နည်း☐ လတ်☑များ☐ |
| မသန်စွမ်းသူများအတွက်ပညာရေးအထူးအစီအစဉ် | ရှိ☐မရှိ☑ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | လုံလောက်☐မလုံလောက်☑ |
| **ဆင်းရဲသောမိသားစုများအတွက်ကျောင်းစရိတ်မတတ်နိုင်မှု** | မြင့်☐ အသင့်အတင့်☑ |
| **ကျောင်းအားကစားဆိုင်ရာပစ္စည်းများလက်လှမ်းမီမှု** | မရှိ☐နည်း☑ |
| **မိဘဆရာအသင်း၏အခန်းကဏ္ဍ** | ကောင်း☐သင့်☑ညံ့☐ |
| **ဘေးအန္တရာယ်ကြောင့်ပျက်စီးခြင်း** | မရှိ☑ နည်း☐ လတ်☐ များ☐ |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊** (၂) **မိဘဆရာအသင်း။**

**လေ့လာတွေ့ရှိချက်။** မဲဇလီအောက်စုကျေးရွာတွင် ပညာရေးကဏ္ဍတွင် ကြုံတွေ့ရသည့် အခက်အခဲနှင့်ပြဿနာများ အနည်းငယ်ရှိကြောင်း တွေ့ရှိရပါသည်။ မသန်စွမ်းသူများအတွက်ပညာရေးအထူးအစီအစဉ် မရှိသော်လည်း ကျောင်းဆောင်သစ် လိုအပ်လျက်ရှိကြောင်းတွေ့ရပါသည်။

**(ဇ) ကျန်းမာရေးနှင့်အာဟာရ**

**(ဇ-၁) အဖြစ်များသောရောဂါများ**

**ဇယား (၃၄) အဖြစ်များသောရောဂါများ**

| **စဉ်** | **ရောဂါ** | **ပျံ့နှံ့မှု/ဖြစ်ပွားမှု** |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ နိမ့်☑ မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ နိမ့်☑ မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ နိမ့်☑ မရှိ☐ |
| ၄ | အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ | မြင့်☐ နိမ့်☑ မရှိ☐ |
| ၅ | **HIV, AIDS,** လိင်မှတဆင့်ကူးစက်နိုင်သောရောဂါများ | မြင့်☐ နိမ့်☐ မရှိ☑ |
| ၆ | တီဘီ | မြင့်☐ နိမ့်☐ မရှိ☑ |

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု |
|---|---|---|
| ၇ | ဆီးချို | မြင့်☐ နိမ့်☑ မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ နိမ့်☑ မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊စီ) | မြင့်☐ နိမ့်☑ မရှိ☐ |
| ၁၀ | အာဟာရချို့တဲ့မှု | မြင့်☐ နိမ့်☐ မရှိ☑ |
| ၁၁ | အခြားကူးစက်နိုင်သောရောဂါများ | မြင့်☐ နိမ့်☐ မရှိ☑ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။မဲဇလီအောက်စုကျေးရွာတွင် ဆီးချို၊ သွေးတိုး၊ အသည်းရောင်ရောဂါများအနည်းငယ်ဖြစ်ပွားမှုရှိပြီး အခြား ရောဂါဖြစ်ပွားမှု မရှိပါ။ သွေးလွန်တုပ်ကွေးကို မိုးရာသီအခါတွင် ကလေးငယ်များမှ ဖြစ်ပွားနိုင်ပါသည်။

**(၈-၂) လွန်ခဲ့သော (၁၂) လအတွင်းကာကွယ်ဆေးထိုးနှံမှု**

**ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်းကာကွယ်ဆေးထိုးနှံမှု**

| စဉ် | ကာကွယ်ဆေးထိုးခြင်း(ရှိ/မရှိအမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✓ | |
| ၂ | ဆုံဆို့၊ကြက်ညှာ၊မေးခိုင်နှင့်အသည်းရောင်အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင်ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြားစုပေါင်း**ကာကွယ်ဆေးထိုးနှံမှု** | ✓ | |
| ၇ | အာဟာရမှတ်တမ်းယူမှု (အရပ်အမြင့်၊အလေးချိန်၊လက်မောင်းပတ်) | ✓ | |
| ၈ | အာဟာရပညာပေးအစီအစဉ် | ✓ | |

**ရင်းမြစ်** ... (၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း** - **ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊** (၂) **ကျေးလက်ကျန်းမာရေးဌာန**/ **ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။မဲဇလီအောက်စုကျေးရွာတွင် လွန်ခဲ့သော(၁၂)လအတွင်း ကျန်းမာရေးဌာနမှ ကာကွယ်ဆေးများ ပြည့်စုံစွာ လာရောက်ထိုးနှံပေးလျက်ရှိပါသည်။ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများလည်း စာသင်ကျောင်းများတွင် နှစ်စဉ် လာရောက်ကျင်းပ ပေးလျှက်ရှိပါသည်။

**(၈-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

**ဇယား (၃၆) ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ**

| ကျန်းမာရေးဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲ | ၀မှ၁မိုင်☑ ၁မိုင်မှ၃မိုင်☐<br>၃မိုင်မှ၅မိုင်☐ ၅မိုင်မှ၁၀မိုင်☐<br>၁၀မိုင်အထက်☐ | ရှိ☐<br>မရှိ☑ |
| တိုက်နယ်ဆေးရုံ | ၀မှ၁မိုင်☐ ၁မိုင်မှ၃မိုင်☐ | ရှိ☐ |

| ကျန်းမာရေးဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| | ၃မိုင်မှ၅မိုင်☐ ၅မိုင်မှ၁၀မိုင်☑<br>၁၀မိုင်အထက်☐ | မရှိ☐ |
| မြို့နယ်ဆေးရုံ | ၀မှ၁မိုင်☐ ၁မိုင်မှ၃မိုင်☐<br>၃မိုင်မှ၅မိုင်☐ ၅မိုင်မှ၁၀မိုင်☐<br>၁၀မိုင်အထက်☑ | ရှိ☑<br>မရှိ☐ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်)<br>ရွာအနီးအနားတွင်ဆေးဆိုင်ရှိသည်☐<br>ရွာတွင် (သို့မဟုတ်)<br>ရွာအနီးအနားတွင်ဆေးဆိုင်မရှိပါ☑ | ဆေးဆိုင်တွင်ဆေးဝါးများကိုစနစ်တကျ<br>သိုလှောင်ထားသည်☐<br>ဆေးဆိုင်တွင်ဆေးဝါးများကိုစနစ်တကျ<br>သိုလှောင်ထားခြင်းမရှိပါ☑ |

**ရင်းမြစ်** ... (၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊** (၂) **ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။မဲဇလီအောက်စုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာခွဲမရှိသောကြောင့် နီးစပ်ရာ ကျေးလက် ကျန်း မာရေးဌာနခွဲသို့ သွားရောက်၍ ကျန်းမာရေးဝန်ဆောင်မှု ရယူကြရပါသည်။ နီးစပ်ရာတိုက်နယ်ဆေးရုံ မရှိခြင်းကြောင့် ကျန်းမာရေးမကောင်းပါက ဆားမလောက်ကျေးရွာရှိ ဆောင်သူလယ်သမားဆေးရုံ၊ ညောင်တုန်းမြို့ရှိဆေးရုံ ဆေးခန်းနှင့် ရန်ကုန်မြို့ရှိ ဆေးရုံ/ ဆေးခန်းများတွင် သွားရောက်ကုသရပါသည်။

**(ဈ) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

**(ဈ-၁) သောက်သုံးရေရရှိမှု**

**ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု**

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | ရေ အရည်အသွေး (သောက်သုံးရေ အရည် အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် "ရှိ" ဟု ဖြေ ဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိ နိုင်မှုနှင့် လုံလောက် မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/ စက်တပ် | | ရှိ☐ မရှိ☑ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| အဝီစိတွင်း/ တုံကင် | ၄၀၀ | ရှိ☐ မရှိ☑ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☑<br>မိုး ☑ |

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေး ထားမှု ရှိပါက “ရှိ”၊ မရှိပါက “မရှိ” ) | ရေ အရည်အသွေး (သောက်သုံးရေ အရည် အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် “ရှိ” ဟု ဖြေ ဆို ထားပါက ဖြေဆိုရန်။ “မရှိ” ဟု ဖြေဆိုထား ပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိ နိုင်မှုနှင့် လုံလောက် မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| | | | | ဆောင်း ☑ |
| မိုးရေ သိုလှောင်ကန် | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မြစ်/ချောင်းရေ | | ရှိ☐ မရှိ☑ | ကောင်း☐ သင့်☑ ညံ့☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| ရေကန် | ၂၆၀ | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| စိမ့်စမ်းရေ | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

**ရင်းမြစ်**... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊** (၃) **ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။** ။မဲဇလီအောက်စုကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် သောက်သုံးရေအား အဝီစိတွင်းရေနှင့် ရေကန်ကို အဓိက အသုံးပြုကြသဖြင့် နွေ၊ မိုး၊ ဆောင်း သောက်သုံးရေဖူလုံသောကျေးရွာဖြစ်ပါသည်။ ရေအရည်အသွေး စစ်ဆေးထားရှိမှုများ မရှိသဖြင့် ကျန်းမာသန့်ရှင်းသော သောက်သုံးရေများ မရရှိနိုင်ပါ။ မြစ်ရေနှင့် သောက်ရေသန့်များအား ဝယ်ယူသုံးစွဲသော အိမ်ထောင်စုအနည်းငယ်ရှိကြောင်းတွေ့ရပါသည်။

**(ဈ-၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့်အိမ်ထောင်စုအရေအတွက်)**

**ဇယား (၃၈) အိမ်သာအမျိုးအစား**

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သောအိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲမှု** | |
| ရေဆွဲအိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၄၇၀ |
| **မသန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သောအိမ်ထောင်စု |
|---|---|
| တွင်းမရှိအိမ်သာ | |
| အိမ်သာမရှိ | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ မဲဇလီအောက်စုကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် ရေလောင်း/ယင်လုံအိမ်သာအသုံးပြုလျက်ရှိပါသည်။

**(ည) ကျား – မရေးရာ**

**ဇယား (၃၉) ကျား – မရေးရာ**

| စဉ် | ကျေးရွာ၏လူမှုစီးပွားဖွံ့ဖြိုးစေရေးအတွက်အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သောအချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင်တက်ရောက်သူများမှမှန်သည်ဟုယူဆသောတစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင်အမျိုးသမီးများတက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှု | ရှိ☐ | မရှိ☑ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင်အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်မှု | ရှိ☑ | မရှိ☐ |
| ၃ | လွန်ခဲ့သောနှစ်အတွင်းကျေးရွာအတွင်းရှိမိန်းကလေးများ/ အမျိုးသမီးများအားသံသယဖြစ်ဖွယ်အကြမ်းဖက်မှု(သို့) တိုင်ကြား မှုများ | ရှိ☐ | မရှိ☑ |
| ၄ | အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက်ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက်လူထု၏အသိအမြင်ရှိမှု | ရှိ☐ | မရှိ☑ |
| ၅ | အမျိုးသမီးများသတင်းအချက်အလက်နှင့်သင်တန်းများလက်လှမ်းမီမှု (ဥပမာ- စိုက်ပျိုးရေးဆိုင်ရာ တိုးချဲ့ပညာပေး ဝန်ဆောင်မှုများ၊အိမ်တွင်းမှုသက်မွေးသင်တန်းများ၊ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုနှင့်အသိအမြင်မြှင့်တင်ခြင်းများ) | ရှိ☐ | မရှိ☑ |
| ၆ | အမျိုးသမီးများ၏ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုများလက်လှမ်းမီမှု | ရှိ☐ | မရှိ☑ |
| ၇ | စိုက်ပျိုးရေးနှင့်စိုက်ပျိုးရေးမဟုတ်သောကဏ္ဍများတွင်အမျိုးသားနှင့်အမျိုးသမီးများအတွက်တူညီသောအလုပ်အကိုင်အခွင့်အလမ်းများ | ရှိ☐ | မရှိ☑ |
| ၈ | အိမ်ထောင်စု (သို့) ကျေးရွာထက်ကျော်လွန်၍ အမျိုးသမီးများ ၏ ဦးဆောင်လှုပ်ရှားမှု | ရှိ☐ | မရှိ☑ |

**ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။မဲဇလီအောက်စုကျေးရွာတွင်းရှိ အမျိုးသမီးများသည် စီမံအုပ်ချုပ်ရေးစနစ်တွင် ပါဝင်ဆောင်ရွက်မှုမရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့်ကျေးရွာအတွင်းအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်မှု အားကောင်းကြပါသည်။

**(၄)  အခြေခံအဆောက်အဦများအခြေအနေ**

**(၄-၁)  ကျေးရွာ၏လမ်းတည်ရှိမှု**

**ဇယား (၄၀) ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ**

| လမ်းအမျိုးအစား | အမျိုးအစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက်သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) | ဘေးအန္တရာယ်များကြောင့်ပျက်စီးမှုရှိပါကဖော်ပြရန် |
|---|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☑၂☐၃<br>☐၄☐၅☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ | ၆လမှ၁နှစ်☐<br>၂နှစ်မှ၅နှစ်☐<br>၅နှစ်အထက်☑ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☑ | ၀-၁မိုင်☑<br>၁-၅မိုင်☐<br>၅-၁၀မိုင်☐<br>၁၀မိုင်အထက်☐ | ရှိ☐<br>မရှိ☑ |
| ချဉ်းကပ်လမ်း | ၁☑၂☐၃<br>☐၄☐၅☐ | ကောင်း☐<br>သင့်☐<br>ညံ့☑ | ၆လမှ၁နှစ်☐<br>၂နှစ်မှ၅နှစ်☐<br>၅နှစ်အထက်☑ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☑ | ၀-၁မိုင်☑<br>၁-၅မိုင်☐<br>၅-၁၀မိုင်☐<br>၁၀မိုင်အထက်☐ | ရှိ☐<br>မရှိ☑ |
| ရွာချင်းဆက်လမ်း | ၁☐၂☐၃<br>☑၄☐၅☐ | ကောင်း☐<br>သင့်☑ညံ့☐ | ၆လမှ၁နှစ်☐<br>၂နှစ်မှ၅နှစ်☐<br>၅နှစ်အထက်☑ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☑ | ၀-၁မိုင်☐<br>၁-၅မိုင်☑<br>၅-၁၀မိုင်☐<br>၁၀မိုင်အထက်☐ | ရှိ☐<br>မရှိ☑ |
| ကုန်ထုတ်လမ်း | ၁☐၂☐၃<br>☐၄☐၅☐ | ကောင်း☐<br>သင့်☐ညံ့☐ | ၆လမှ၁နှစ်☐<br>၂နှစ်မှ၅နှစ်☐<br>၅နှစ်အထက်☐ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐ | ၀-၁မိုင်☐<br>၁-၅မိုင်☐<br>၅-၁၀မိုင်☐<br>၁၀မိုင်အထက်☐ | ရှိ☐<br>မရှိ☐ |

**ရင်းမြစ်... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**မှတ်ချက်။ ။မြေသားလမ်း - ၁၊ကျောက်ခင်းလမ်း - ၂၊ကျောက်ချောလမ်း - ၃၊ကွန်ကရစ်လမ်း - ၄၊ကတ္တရာလမ်း - ၅**

**လေ့လာတွေ့ရှိချက်။** ။မဲဇလီအောက်စုကျေးရွာရှိလမ်းမှာ လွန်ခဲ့သောနှစ်များစွာက ဆောင်ရွက်ခဲ့သောမြေသားလမ်းဖြစ်သောကြောင့် အရည်အသွေးညံ့ပါသည်။ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကူညီမှုဖြင့် ကျေးရွာဆွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ဆဲဖြစ်ပြီး ဆောင်ရွက်ပြီးပါက ကောင်းမွန်သွားပြီဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါသည်။

**(၄-၂)  ကျေးရွာ၏တံတားတည်ရှိမှု**

**ဇယား (၄၁) ကျေးရွာ၏တံတားတည်ရှိမှုအခြေအနေ**

| **တံတားအမျိုးအစား** | **အရွယ်အစား (အလျား၊အနံ၊အမြင့်)** | **အရည်အသွေး** | **တည်ဆောက်ခဲ့သောနှစ်** | **ရာသီအလိုက်သုံးစွဲနိုင်မှု** | **ဘေးအန္တရာယ်များကြောင့် ပျက်စီးမှုရှိပါကဖော်ပြရန်** |
|---|---|---|---|---|---|
| ဆိပ်ခံတံတား | - | **ကောင်း☐<br>သင့်☐<br>ညံ့☐** | **၆လမှ၁နှစ်☐<br>၂နှစ်မှ၅နှစ်☐<br>၅နှစ်အထက်☐** | **ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐** | **ရှိ☐<br>မရှိ☐** |
| ကွန်ကရစ်တံတား | - | **ကောင်း☐<br>သင့်☐<br>ညံ့☐** | **၆လမှ၁နှစ်☐<br>၂နှစ်မှ၅နှစ်☐<br>၅နှစ်အထက်☐** | **ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐** | **ရှိ☐<br>မရှိ☐** |
| သစ်သားတံတား | - | **ကောင်း☐<br>သင့်☐<br>ညံ့☐** | **၆လမှ၁နှစ်☐<br>၂နှစ်မှ၅နှစ်☐<br>၅နှစ်အထက်☐** | **ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐** | **ရှိ☐<br>မရှိ☐** |
| ကြိုးတံတား | - | **ကောင်း☐<br>သင့်☐<br>ညံ့☐** | **၆လမှ၁နှစ်☐<br>၂နှစ်မှ၅နှစ်☐<br>၅နှစ်အထက်☐** | **ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐** | **ရှိ☐<br>မရှိ☐** |
| ဝါးတံတား | ၁၅၀’ x ၃’ x ၁၅’ | **ကောင်း☐<br>သင့်☑<br>ညံ့☐** | **၆လမှ၁နှစ်☐<br>၂နှစ်မှ၅နှစ်☑<br>၅နှစ်အထက်☐** | **ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐** | **ရှိ☑<br>မရှိ☐** |
| ရေပြွန် | - | **ကောင်း☐<br>သင့်☐<br>ညံ့☐** | **၆လမှ၁နှစ်☐<br>၂နှစ်မှ၅နှစ်☐<br>၅နှစ်အထက်☐** | **ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐** | **ရှိ☐<br>မရှိ☐** |
| ရေကျော် | - | **ကောင်း☐<br>သင့်☐<br>ညံ့☐** | **၆လမှ၁နှစ်☐<br>၂နှစ်မှ၅နှစ်☐<br>၅နှစ်အထက်☐** | **ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐** | **ရှိ☐<br>မရှိ☐** |

**ရင်းမြစ်… ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ မဲဇလီအောက်စုကျေးရွာတွင် ကျေးရွာတွင်ဝါးတံတားအား ရာသီမရွေးအသုံးပြုကြသော်လည်း ရေရှည်ခိုင်ခံ့မှု မရှိသဖြင့် နှစ်စဉ်ပြင်ဆင်ထိန်းသိမ်းရသောကြောင့် နိုင်ငံတော်ကူညီထောက်ပံ့မှုဖြင့် ဆောင်ရွက်ပေးနိုင်ပါက ကျေးရွာနေပြည်သူများသွားလာရေးပိုမို အဆင်ပြေလာမည်ဖြစ်ကြောင်း တွေ့ရပါသည်။

**(၄-၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး**

**ဇယား (၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ အသုံးမပြုပါ အကွက်တွင်✓ခြစ်ပါ)။**

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက်သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀မှ၁၀မိုင်☐<br>၁၁မှ၂၀မိုင်☐<br>၂၁မှ၅၀မိုင်☐<br>၅၀မိုင်အထက်☐<br>အသုံးမပြုပါ☐ | ၁☐၂☐၃☐ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐ |
| ပင်လယ်ရေကြောင်း | ၀မှ၁၀မိုင်☐<br>၁၁မှ၂၀မိုင်☐<br>၂၁မှ၅၀မိုင်☐<br>၅၀မိုင်အထက်☐<br>အသုံးမပြုပါ☐ | ၁☐၂☐၃☐ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐ |
| အခြား<br>(ချောင်း၊မြောင်း၊<br>အင်း၊အိုင်) | ၀မှ၁၀မိုင်☐<br>၁၁မှ၂၀မိုင်☐<br>၂၁မှ၅၀မိုင်☐<br>၅၀မိုင်အထက်☐<br>အသုံးမပြုပါ☐ | ၁☐၂☐၃☐ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်… ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**မှတ်ချက်။** ၁ – လှေ၊သမ္ဗာန်၊၂ - စက်လှေ၊၃ - သင်္ဘော။

**လေ့လာတွေ့ရှိချက်။** ။မဲဇလီအောက်စုကျေးရွာသည် ရေကြောင်းခရီးတွင်လှေ၊ စက်လှေများကိုအသုံးပြု၍သွားလာခြင်းများ မရှိကြောင်းတွေ့ရပါသည်။

**(၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့်ဝန်ဆောင်မှုများ**

**ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ**

| ယာဉ်အမျိုးအစား | လှေ၊သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | | | ၁၃၇ | ၂၇၀ | | ၄ | ၁၂ | - | - |

**ရင်းမြစ်…အိမ်ထောင်စုစာရင်းကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။** ။မဲဇလီအောက်စုကျေးရွာသည် ကုန်းလမ်းကိုဖြင့် သယ်ယူပို့ဆောင်နိုင်ပါသည်။ ကုန်းလမ်းတွင် အသုံးပြုရန် စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီနှင့်ကား များကို အနည်းငယ်သာ ပိုင်ဆိုင် ကြကြောင်း တွေ့ရပါသည်။

(ဌ)  လျှပ်စစ်မီးရရှိမှု

**ဇယား (၄၄) လျှပ်စစ်မီးရရှိမှုအခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|---|
| **မဟာဓာတ်အားလိုင်း** | ၂၇၀ | | ကောင်း☐သင့်☐ညံ့☐မဖြေဆို☐ | ရှိ☐မရှိ☐ |
| ဆိုလာစနစ် | ၃၀ | | ကောင်း☐သင့်☑ညံ့☐မဖြေဆို☐ | ရှိ☑မရှိ☐ |
| အသေးစားရေအားလျှပ်စစ် | | | ကောင်း☐သင့်☐ညံ့☐မဖြေဆို☐ | ရှိ☐မရှိ☐ |
| ဒီဇယ်သုံးအင်ဂျင် | | | ကောင်း☐သင့်☐ညံ့☐မဖြေဆို☐ | ရှိ☐မရှိ☐ |
| လေစွမ်းအင် | | | ကောင်း☐သင့်☐ညံ့☐မဖြေဆို☐ | ရှိ☐မရှိ☐ |
| ဇီဝလောင်စာ | | | ကောင်း☐သင့်☐ညံ့☐မဖြေဆို☐ | ရှိ☐မရှိ☐ |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သောလျှပ်စစ်ဓာတ်အားပေးစနစ် | ၁၇၀ | | ကောင်း☐သင့်☐ညံ့☐မဖြေဆို☐ | ရှိ☐မရှိ☐ |
| လျှပ်စစ်မီးအသုံးမပြုနိုင်သော | | | ☒ | ☒ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။**  ။ မဲဇလီအောက်စုကျေးရွာတွင်မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲနိုင်သည့် အိမ်ထောင်စု(၂၇၀)ရှိကြောင်းတွေ့ရပြီး၊ အိမ်ထောင်စု(၃၀)စုသည် ဆိုလာစနစ်အသုံးပြုကြသည်ကို တွေ့ရှိရကာ ကျန်အိမ်ထောင်စုများသည် ဘတ္တရီမီးချောင်းကိုသာ အသုံးပြုကြရပါသည်။

(ဍ)  ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

**ဇယား (၄၅) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း | အင်တာနက်လက်လှမ်းမီသည့်အိမ်ထောင်စု |
|---|---|---|---|---|---|
| **အရေအတွက်** | ၆၂၀ | | **၂၅၀** | **၂၅၀** | **၄၇၀** |

**ရင်းမြစ်... အိမ်ထောင်စုစာရင်းကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။**  ။မဲဇလီအောက်စုကျေးရွာတွင် အိမ်ထောင်စုတိုင်း လက်ကိုင်ဖုန်းများ ကိုင်ဆောင်အသုံးပြုကြသဖြင့် ကျေးရွာ၌ လက်ကိုင်ဖုန်းအများဆုံးပိုင်ဆိုင်ကြပြီး တီဗွီ၊ ဂြိုလ်တုစလောင်းများလည်း အသင့်အတင့် တွေ့ရှိရပါသည်။ အင်တာနက် လက်လှမ်းမီသဖြင့် သတင်းစီဆင်းမှု အချိန်နှင့်တပြေးညီ သိရှိရပြီး ကျေးရွာဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုပါသည်။

(ဎ)  ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

**ဇယား (၄၆) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ**

| ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| လူငယ်များအနားယူအပန်းဖြေရန်နေရာများပျော်ပွဲရွှင်ပွဲများရှိခြင်း | ရှိ☐မရှိ☑မဖြေဆိုပါ☐ |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | ကောင်း☑သင့်☑ညံ့☐မဖြေဆိုပါ☐ |

| ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ကောင်း☑သင့်☐ညံ့☐မဖြေဆိုပါ☐ |
| အားကစားနှင့်ကာယလေ့ကျင့်ခန်းများပြုလုပ်ရန်နေရာနှင့်အထောက်အကူပြုပစ္စည်းများရှိခြင်း | ကောင်း☐သင့်☑ညံ့☐မဖြေဆိုပါ☐ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | ကောင်း☑သင့်☐ညံ့☐မဖြေဆိုပါ☐ |
| ရိုးရာဓလေ့ထုံးစံများနှင့်ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ခြင်းတွင်ပါဝင်မှု | မရှိ☐နည်း☑များ☐ |
| စိတ်ဝင်စားရာများကိုမိမိကိုယ်တိုင်လေ့လာသင်ယူနိုင်မည့်နေရာများ၊ လူငယ်ရိပ်သာများ၊စာကြည့်တိုက်များစသည်တို့တွင်ဝင်ရောက်လေ့လာသင်ယူနိုင်ခြင်း | ရှိ☑မရှိ☐မဖြေဆိုပါ☐ |

**ရင်းမြစ်… ဦးတည်အုပ်စုဆွေးနွေးခြင်း - လူငယ်အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။မဲဇလီရွာအောက်စုကျေးရွာရှိ လူငယ်များသည် ကျေးရွာဖွံ့ဖြိုးရေး၊ လူမှုရေး၊ ဘာသာရေးလုပ်ငန်းတွင် ပူးပေါင်းပါဝင်မှု အားကောင်းသော်လည်း ရိုးရာယဉ်ကျေးမှု/အမွေအနှစ်ထိန်းသိမ်းမှုများတွင် လည်းကောင်း ၊ ကိုယ်တိုင်အသိ ပညာလေ့လာသင်ယူမှုများ၊ လိုက်စားမှုများတွင်လည်းကောင်း အားနည်းကြသည်ကို တွေ့ရှိရပါသည်။

**(ဏ) ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေးအခြေအနေ**

**(ဏ-၁) လုံခြုံရေးဆိုင်ရာဝန်ဆောင်မှုများအားလက်လှမ်းမီမှု**

**ဇယား (၄၇) ဘေးကင်းလုံခြုံရေးဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမီမှု**

| ဝန်ဆောင်မှုများ | ကျား | မ |
|---|---|---|
| တယ်လီဖုန်းလိုင်း၊တယ်လီဖုန်းတာဝါတိုင်များ၊ကြေးနန်းလိုင်း၊အင်တာနက်လိုင်း၊ရုပ်မြင်သံကြားလိုင်း၊ရေဒီယိုလိုင်းစသောဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာအထောက်အကူပြုအဆောက်အဦများရှိခြင်းနှင့်လက်လှမ်းမီခြင်း | ရှိ☑မရှိ☐မဖြေဆိုပါ☐ | ရှိ☑မရှိ☐မဖြေဆိုပါ☐ |
| အာမခံလုပ်ငန်းများ၏ဝန်ဆောင်မှုများကိုရရှိနိုင်ခြင်း | ရှိ☑မရှိ☐မဖြေဆိုပါ☐ | ရှိ☑မရှိ☐မဖြေဆိုပါ☐ |
| လူထုအခြေပြုသဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ် | ရှိ☑မရှိ☐မဖြေဆိုပါ☐ | ရှိ☑မရှိ☐မဖြေဆိုပါ☐ |
| ဆိုင်ကလုန်း (သို့) အရေးပေါ်အခြေအနေ အကာအကွယ်များနှင့်လက်လှမ်းမီခြင်း | ရှိ☑မရှိ☐မဖြေဆိုပါ☐ | ရှိ☑မရှိ☐မဖြေဆိုပါ☐ |
| မှုခင်းများကာကွယ်တားဆီးလျှော့ချရေးအတွက်ရဲဘက်ဆိုင်ရာများမှဝန်ဆောင်မှုပေးခြင်း | ရှိ☑မရှိ☐မဖြေဆိုပါ☐ | ရှိ☑မရှိ☐မဖြေဆိုပါ☐ |
| မီးဘေးအန္တရာယ်ကာကွယ်ခြင်းဆိုင်ရာဝန်ဆောင်မှုများနှင့်လက်လှမ်းမီခြင်း | ရှိ☑မရှိ☐မဖြေဆိုပါ☐ | ရှိ☑မရှိ☐မဖြေဆိုပါ☐ |

**ရင်းမြစ်… ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖ။**

**လေ့လာတွေ့ရှိချက်။** ။မဲဇလီအောက်စုကျေးရွာတွင် ဘေးကင်းလုံခြုံရေးဝန်ဆောင်လက်လှမ်းမီမှု ရှိသော်လည်း ကျေးရွာတွင်အခြား ဝန်ဆောင်မှုများနှင့်အထောက်အကူများ လက်လှမ်းမီမှု အနည်းငယ်သာရှိကြောင်းတွေ့ရသည်။

**(၈-၂) မှုခင်းဖြစ်ပွားမှု**

**ဇယား (၄၈) မှုခင်းဖြစ်ပွားမှုအခြေအနေ**

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| မှုခင်းဖြစ်ပွားမှုအခြေအနေ | စိုးရိမ်ရသည်☐<br>သာမန်☐<br>မရှိ☑ | စိုးရိမ်ရသည်☐<br>သာမန်☐<br>မရှိ☑ | စိုးရိမ်ရသည်☐<br>သာမန်☐<br>မရှိ☑ | စိုးရိမ်ရသည်☐<br>သာမန်☐<br>မရှိ☑ |

**ရင်းမြစ်… ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။မဲဇလီအောက်စုကျေးရွာတွင် ကျေးရွာတွင်မှုခင်းဖြစ်ပွားမှုမရှိသောကြောင့် ကျေးရွာအေးချမ်းသာယာသောကျေးရွာဖြစ်ပါသည်။

## ညောင်တုန်းမြို့နယ်၊ မဲဇလီဒလကျေးရွာအုပ်စု၊ မဲဇလီအောက်စုကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | **အခြေခံအဆောက်အအုံကဏ္ဍ** | | | | | |
| ၁။ | ကျေးရွာတွင်းလမ်း မကောင်းခြင်း | - မြေသားလမ်းဖြစ်နေခြင်း<br>- ရာသီမရွေးသွားလာရသော လမ်းဖြစ်နေခြင်း<br>- မဆင်မခြင် အသုံးပြုမှုများကြောင့်လမ်းများပျက်စီးရခြင်း<br>- ပြင်ဆင်ထိန်းသိမ်းမှုအားနည်းခြင်း<br>- သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မှုမရှိခြင်း<br>-ကျေးရွာချင်းဆက်လမ်းသည် မိုးရာသီတွက် ရွံ့ဗွက်များကြောင့်သွားလာမှုခက်ခဲခြင်း | -ကျေးရွာမှ လိုအပ်သောလုပ်အားနှင့် ကျေးရွာထွက် ပစ္စည်းများထည့်ဝင်နိုင်ခြင်း<br>-ကျေးလက်ဦးစီးဌာနကဲ့သို့ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းရှိနေခြင်း<br>-ကျေးရွာ၏ အမှန်တကယ်လိုအပ်ချက်ဖြစ်၍ ကျေးရွာသူ/သား များ လုပ်ကိုင်လိုစိတ်ပြင်းထန်ခြင်း | -ကျေးရွာရန်ပုံငွေ လုံလောက်မှုမရှိခြင်း<br>-လုပ်ငန်းသုံးပစ္စည်းများ ဈေးနှုန်းမြင့်မားလာခြင်း<br>-စား၊ ဝတ်၊ နေ၊ ရေးကို အလေးထားဆောင်ရွက်နေရသောအိမ်ထောင်စုများပြားသောကြောင့်ကျေးရွာဖွံ့ဖြိုးရေးအား အာရုံမစိုက်နိုင်ခြင်း | -အထောက်အပံ့ ပံ့ပိုးပေးမည့်ဌာန(သို့) အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း | - ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း<br>- ကျေးရွာလမ်းသွယ်များ ကွန်ကရစ်ခင်းခြင်း<br>-ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | **ရေပေးရေးကဏ္ဍ** | | | | | |
| ၂။ | သောက်ရေကန် ခြံစည်းရိုးမရှိခြင်း | -ရန်ပုံငွေစုဆောင်ထားမှုမရှိခြင်း<br>-ကိုထူကိုယ်ထ ဆောင်ရွက်နိုင်မှု မရှိခြင်း<br>-သောက်ရေကန်အား မိရိုးဖလာ အတိုင်းသုံးစွဲနေခြင်း | -လုပ်အားထည့်ဝင် နိုင်ခြင်း | -သက်ဆိုင်ရာဌာန၊ အဖွဲ့ အစည်းနှင့် ချိတ်ဆက်မှု အားနည်းခြင်း<br>-အလှူရှင်မရှိခြင်း<br>-ကျေးရွာရန်ပုံငွေမရှိ ခြင်း | -သက်ဆိုင်ရာ ဌာန၊အဖွဲ့ အစည်းများနှင့် ချိတ်ဆက်၍ သောက်ရေကန်ခြံစည်းရိုးခတ်ခြင်း | -ကျေးရွာ သောက်ရေကန် ခြံစည်းရိုးခတ်ခြင်း |
| | **လူငယ်နှင့်အားကစားကဏ္ဍ** | | | | | |
| ၃။ | အားကစားကွင်း မရှိခြင်း | -ကျေးရွာစာသင်ကျောင်းအတွင်း ကလေးများဆော့ကစားရန် မြေနေရာမရှိခြင်း<br>-ကျေးရွာတွင် မြေနေရာလှူဒါန်း နိုင်မှုမရှိခြင်း<br>-အားကစားကွင်းတည်ဆောက် ရန် ရန်ပုံငွေမရှိခြင်း<br>-စာသင်ကျောင်းအတွင်း ကလေး ငယ်များ ပိုမိုများပြားလာခြင်း<br>-ကလေးငယ်များ လမ်းမပေါ် ထွက်ဆော့ရခြင်းကြောင့် ယာဉ် | -ရန်ပုံငွေအသင့် အတင့်ထည့်ဝင်နိုင် ခြင်း<br>-လုပ်အားထည့်ဝင် နိုင်ခြင်း | -မြေနေရာမရှိခြင်း | -သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း | ကျေးရွာကလေးအားက စားကွင်းတည်ဆောက် ခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | အန္တရာယ်ကြုံတွေ့လာနိုင်ခြင်း | | | | |
| ၄။ | စာသင်ကျောင်း ဆောင်လိုအပ်ခြင်း | -ကျောင်းနေအရွယ်ကလေး ငယ်များ ပိုမိုများပြားလာခြင်း<br>-စာသင်ကျောင်းဆောင်များ လုံ လောက်လျှင် စာသင်ကျောင်း အဆင့်တိုးမြှင့်လျှောက်ထား နိုင်ခြင်း | လုပ်အားထည့်ဝင် နိုင်ခြင်း | ရန်ပုံငွေမရှိခြင်း | သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်၍ ရန်ပုံငွေ တောင်းခံခြင်း | စာသင်ကျောင်းဆောင် သစ်တည်ဆောက်ခြင်း |
| | **ငွေကြေးကဏ္ဍ** | | | | | |
| ၅။ | အတိုးနှုန်းသက် သာသောချေးငွေ မရရှိခြင်း | -ကုန်ဈေးနှုန်းမြင့်မားလာခြင်း ကြောင့် ရင်းနှီးမြှုပ်နှံမှုစရိတ် မြင့် မားလာခြင်း<br>-အခြေခံအိမ်ထောင်စုများ အတွက် တစ်နိုင်တစ်ပိုင်လုပ်ငန်း များဆောင်ရွက်ရန် ရင်းနှီးငွေများ လိုအပ်ခြင်း<br>-ချေးငွေ ချေးပေးသူများထံတွင် အတိုးနှုန်းမြင့်မားစွာဖြင့် ချေးယူ နေရခြင်း<br>-ကာလတိုချေးငွေများသာ ချေးယူ | ကျေးရွာအတွင်း ချေးငွေလိုအပ်သူ များရှိခြင်း | အတိုးနှုန်းသက်သာ သောကာလရှည်ချေးငွေ များ ထုတ်ချေးမည့်သူ မရှိခြင်း | သက်ဆိုင်ရာဌာန အဖွဲ့အစည်းဖြင့် ချိတ်ဆက်ဆောင်ရွက် ခြင်း | - မြစိမ်းရောင်ကဲ့သို့ အတိုးနှုန်းသက်သာသော ချေးငွေစီမံကိန်းဆောင် ရွက်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | ရခြင်း | | | | |
| | **ကျန်းမာရေးကဏ္ဍ** | | | | | |
| ၆။ | အရေးကြီးလူနာများ အချိန်မီ ဆေးရုံဆေးခန်း မသွားရောက်နိုင်ခြင်း | -ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများသည် ဟိုင်းဝေးကားလမ်းမဘေးတွင် တည်ရှိသောကြောင့် ယာဉ်မတော်တဆမှုများ ကြုံတွေ့ရခြင်း<br>-အရေးပေါ်လူနာများသည် အခြားပရဟိတအသင်းများအား ချိတ်ဆက်ရသောကြောင့် ဆေးရုံဆေးခန်း ရောက်ရှိချိန်နောက်ကျခြင်း<br>-လူနာတင်ယာဉ်ဝယ်ယူရန် ကျေးရွာရန်ပုံငွေမရှိခြင်း | -ကျေးရွာရှိ ပရဟိတလူငယ်များမှ စိတ်ပါဝင်စားမှုရှိခြင်း<br>-ယာဉ်မောင်းများ အဆင်သင့်ရှိခြင်း | -လုံလောက်သောရန်ပုံငွေမရှိခြင်း | -သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်၍ မော်တော်ယဉ်တစ်စီး ရရှိရေး ဆောင်ရွက်ခြင်း | -လူနာတင်ယာဉ်တစ်စီးဝယ်ယူခြင်း |

**ညောင်တုန်းမြို့နယ်၊ မဲဇလီဒလကျေးရွာအုပ်စု၊ မဲဇလီအောက်စုကျေးရွာ**

**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးအဆင့်သတ်မှတ်ခြင်း**

| စဉ် | အဆိုပြုစီမံချက်အမည် | ပေးမှတ် (၁)မှ(၁၀) | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | ကျေးရွာလမ်းကွန်ကရစ်ခင်းခြင်း | ၉၅ | ၁ |
| ၂ | ကျေးရွာလမ်းသွယ်များကွန်ကရစ်ခင်းခြင်း | ၉၀ | ၂ |
| ၃ | ကျေးရွာချင်းဆက်လမ်းကွန်ကရစ်ခင်းခြင်း | ၈၇ | ၃ |
| ၄ | ကျေးရွာသောက်ရေကန်ခြံစည်းရိုးခတ်ခြင်း | ၈၅ | ၄ |
| ၅ | မြစိမ်းရောင်ကဲ့သို့ အတိုးနှုန်းသက်သာသောချေးငွေလိုအပ်ခြင်း | ၇၉ | ၅ |
| ၆ | စာသင်ကျောင်းဆောင်သစ်လိုအပ်ခြင်း | ၇၈ | ၆ |
| ၇ | စာသင်ကျောင်းအားကစားကွင်းတည်ဆောက်ခြင်း | ၇၅ | ၇ |
| ၈ | လူနာတင်ယဉ်လိုအပ်ခြင်း | ၆၀ | ၈ |

ညောင်တုန်းမြို့နယ်၊ မဲဇလီဒလကျေးရွာအုပ်စု၊ မဲဇလီအောက်စုကျေးရွာ
အကောင်ထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ခြင်း

| စဉ် | အဆိုပြုစီမံချက်အမည် | ဦးစားပေး အဆင့် | ၂၀၂၄-၂၀၂၅ | ၂၀၂၅-၂၀၂၆ | ၂၀၂၆-၂၀၂၇ | ၂၀၂၇-၂၀၂၈ | ၂၀၂၈-၂၀၂၉ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာလမ်းကွန်ကရစ်ခင်းခြင်း | ၁ | √ | | | | |
| ၂ | ကျေးရွာလမ်းသွယ်များကွန်ကရစ်ခင်းခြင်း | ၂ | | √ | | | |
| ၃ | ကျေးရွာချင်းဆက်လမ်းကွန်ကရစ်ခင်းခြင်း | ၃ | | | √ | | |
| ၄ | ကျေးရွာသောက်ရေကန်ခြံစည်းရိုးခတ်ခြင်း | ၄ | | | | √ | |
| ၅ | မြစိမ်းရောင်ကဲ့သို့ အတိုးနှုန်းသက်သာသောချေးငွေလိုအပ်ခြင်း | ၅ | | | | √ | |
| ၆ | စာသင်ကျောင်းဆောင်သစ်လိုအပ်ခြင်း | ၆ | | | | | √ |
| ၇ | စာသင်ကျောင်းအားကစားကွင်းတည်ဆောက်ခြင်း | ၇ | | | √ | | |
| ၈ | လူနာတင်ယဉ်လိုအပ်ခြင်း | ၈ | | | | | √ |

## ဦးစားပေးစီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)

**ကျေးရွာ** - မဲဇလီဒလကျေးရွာ

**ကျေးရွာအုပ်စု** - မဲဇလီအောက်စုကျေးရွာအုပ်စု

**မြို့နယ်** - ညောင်တုန်းမြို့

**တိုင်းဒေသကြီး / ပြည်နယ်** - ဧရာဝတီတိုင်းဒေသကြီး

**စီမံချက်အမည်** - ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ကျေးရွာတွင် လမ်းမကောင်းသောကြောင့် ကျောင်းသား/သူများအတွက် ပညာရေးအဆင်မပြေခြင်း၊ လူနေမှုအဆင့်အတန်းနိမ့်ပါးခြင်း၊ မြို့ပြနှင့်ကျေးလက် ကွာဟမှုကျဉ်းမြောင်းစေရေးအတွက် လမ်းကောင်းရေးဆောင်ရွက်ရန်လိုအပ်ပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကွန်ကရစ်လမ်းခင်းနိုင်ရန် ရည်ရွယ်ပါသည်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အဆင်ပြေချောမွေ့စေရန်။
- ကွန်ကရစ်လမ်းခင်းခြင်းသည် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအတွက် များစွာအထောက်အကူရရှိ နိုင်ပါသည်။ ကျေးလက်နေပြည်သူများ လွယ်ကူချောမွေ့စွာသွားလာနိုင်ပြီး လိုရာခရီးကို အချိန်မရွေး အချိန်တိုအတွင်း သွားလာနိုင်ပါသည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း(၇၀၀'x၁၀'x၆")

**စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု**

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၅၀၀၀,၀၀၀ (ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • ၅၀၀၀၀၀၀(ငွေသား) | • ကျေးရွာ |
| • (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၈၁၃ | ၈၉၁ | ၁၇၀၄ | ၅၃ | ၁၂၅ | ၂၄၅ | ၂၄၅ | ၆၇၀ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၈၁၃ | ၈၉၁ | ၁၇၀၄ | ၅၃ | ၁၂၅ | ၂၄၅ | ၂၄၅ | ၆၇၀ |

မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီ<br>• ကျေးရွာဝယ်ယူရေးကော်မတီ<br>• ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများ<br>• ကျေးရွာလူငယ်အဖွဲ့များ |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း -** ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်** - ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ လ ၃၀ ရက် |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**<br>• ကျေးရွာသူ/သားများနှင့် စေတနာရှင်များမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရန်အတွက် ရပ်မိရပ်ဖများနှင့် ကျေးရွာကော်မတီမှ ဆောင်ရွက်သွားပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**<br>• လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။<br>• ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ပြည်သူများနှင့် လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။ |